# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ တပို့တွဲလကွယ်နေ့ ၂၀၂၄ ခုနှစ်၊ မတ် ၉ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၁၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ ပေးပို့သည့်အဖွင့်မိန့်ခွန်း

( ၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက် )



**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ပြည့်စုံကြပြီး မင်္ဂလာအပေါင်းနဲ့ပြည့်ဝကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ မတ်လ(၈)ရက်နေ့ဟာ ကမ္ဘာတစ်ဝန်းလုံးက အမျိုးသမီးများအတွက် အထင်ကရနေ့တစ်နေ့ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ပဲ ဖြစ်ပါတယ်။ နှစ်စဉ် ဒီနေ့ရောက်တိုင်း အမျိုးသမီးတွေရဲ့အခွင့်အရေးနဲ့ စွမ်းဆောင်နိုင်မှုတွေကို ပိုမိုအာရုံစိုက်မိလာစေဖို့နဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးအနက်ထား အကောင်အထည်ဖော်လာစေဖို့ ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားတွေကို ကမ္ဘာနဲ့အဝန်း ကျင်းပကြမြဲဖြစ်ပါတယ်။

ယခုနှစ် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်ကတော့ **"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး" (Invest in Women: Accelerate Progress)** ဖြစ်ပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁ ○*



## ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ကုလားပဲသစ်များ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၈**

ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် မြန်မာထွက်ကုန်ကုလားပဲသစ်များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါကုလားပဲသစ်များသည် မန္တလေးဈေးကွက်အတွင်းသို့ ကျောက်ဆည်၊ မုံရွာ၊ စစ်ကိုင်း၊ ပုသိမ်ကြီး၊ ရွှေဘို၊ သဲတော၊ ဝမ်းတွင်း စသည့်နယ်များမှ ဝင်ရောက်လာကြောင်း၊ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများအနေဖြင့် V2၊ V7၊ 929၊ မြကြေးမုံ၊ ဗမာကုလားပဲများ ဟူ၍ရှိကြောင်း၊ လက်ရှိအချိန်တွင် ဈေးနှုန်းများအနေဖြင့် V2 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊

*စာမျက်နှာ ၃ ကော်လံ ၁ ✻*




# (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ဝါကုန်ကြမ်းမှ ချည်ချောများထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မတ်လ ၇ ရက်က ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဝါကြိတ်စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်၊ ပြည်တွင်းမှ ထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချနိုင်ရေးနှင့် ချည်ကုန်ချောများ၊ အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန် စသည့်အချက်များကို ထည့်သွင်းဆွေးနွေးမှာကြားခဲ့သည်။

စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါကို မြန်မာနိုင်ငံတွင် ရှေးကတည်းကပင် စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး လက်ရှိအချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ရောင်းချနေရသည့် သီးနှံဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ဝါသီးနှံအများအပြားစိုက်ပျိုးရာဒေသကြီးများဖြစ်ကြပြီး ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အနည်းငယ်စိုက်ပျိုးကြသည်။ ဒေသမျိုးများကို အဓိကစိုက်ပျိုးကြပြီး အထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ပိဿာ ၃၀၀ ဝန်းကျင်သာဖြစ်သည်။ ဝါသီးနှံတစ်ဧကလျှင် ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ခန့် သတ်မှတ်ထားပြီး ပြည်တွင်းမှ မျိုးကောင်းမျိုးသန့်များမှာ တစ်ဧကလျှင် ပိဿာ ၇၀၀-၈၀၀ မှသည် ပိဿာ ၁၀၀၀ အထိ ထွက်ရှိနိုင်သော်လည်း တောင်သူတို့အနေဖြင့် စိုက်နည်းအဆင့်ဆင့်တို့တွင် မှန်ကန်အောင် ပြုလုပ်နိုင်ကြရန် လိုသည်။

ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ဆက်စပ်နေသည့် စက်မှုလုပ်ငန်းများစွာလည်း ရှိနေရာ ပြည်တွင်းရှိ အဆိုပါလုပ်ငန်းများ စဉ်ဆက်မပြတ် ကောင်းစွာလည်ပတ်နေရန် လိုသည်။ ဝါကိုကြိတ်ခွဲခြင်းဖြင့် ဂွမ်းနှင့် ဝါစေ့များထွက်လာသည်။ ဝါစေ့မှ ဝါစေ့ဆီထုတ်လုပ်နိုင်ခြင်းကြောင့် ဝါကြိတ်စက်လုပ်ငန်းများနှင့်အတူ ဝါစေ့ဆီစက်ကိုပါ တွဲဖက်ထူထောင်ထားကြသည်။ ဝါစေ့ဆီစက်မှ ဘေးထွက်ပစ္စည်းဖြစ်သည့် ဝါကြိတ်ဖတ်များသည် တိရစ္ဆာန်အစာဖြစ်သကဲ့သို့ မှိုစိုက်ပျိုးရာတွင်လည်း အသုံးဝင်သည်။ ဝါဂွမ်းမှ ဆေးရုံသုံး ဂွမ်း၊ ချည်မျှင်နှင့်ချည်ထည်များ၊ စောင်များ၊ ရိုးရာအဝတ်အထည်များ စသည်ဖြင့် ထုတ်လုပ်ကြခြင်းဖြစ်ရာ ဝါစိုက်ပျိုးထုတ်လုပ်မှု၏ နောက်တွင် MSME လုပ်ငန်းများ တသီတတန်းကြီး ရှိနေသည်။ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေသည်။ သို့ရာတွင် ပြည်ပမှ သွင်းကုန်များက တရားဝင်ရော တရားမဝင်ကုန်သွယ်မှုနှင့်ပါ ဝင်ရောက်လာကြသည့်အခါ ပြည်တွင်းရှိ လုပ်ငန်းငယ်များ ထိခိုက်ဆုံးရှုံးကြရပြီး အချို့လည်း ပြိုလဲသွားကြရသည်။

အခြားသီးနှံများနည်းတူပင် ဝါစိုက်ပျိုးသူ တောင်သူများမှာလည်း တည်ငြိမ်ခိုင်မာသည့် ဈေးကွက်ကို မျှော်လင့်ကြသည်။ သွင်းအားစုဈေးနှုန်းများ မြင့်တက်လာခြင်း၊ လုပ်အားခများ မြင့်တက်လာခြင်းတို့ကြောင့် အရင်းအနှီးပိုမို၍ ကြီးမားလာသော်လည်း အကျိုးအမြတ် မရေရာမှုက စိုက်ပျိုးထုတ်လုပ်ရန် စိတ်အားထက်သန်မှုကို လျော့နည်းသွားစေသည်။ ထို့အပြင် စိုက်ပျိုးစရိတ်နှင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာလိုအပ်ချက်များမှာ တောင်သူတို့၏ အခက်အခဲများတွင် ပါဝင်သည်။ သို့ရာတွင် ဝါသည် အခြားသီးနှံများနှင့်နှိုင်းယှဉ်ပါက ခူးဆွတ်ပြီးချိန်တွင် အလုပ်လုပ်စရာမလိုတော့ဘဲ ဈေးကွက်သို့ တိုက်ရိုက်ရောင်းချနိုင်သည့် အားသာချက်ရှိနေသည်။

မိမိတို့နိုင်ငံ၌ လက်ရှိထွက်နေသည့် ဝါကုန်ကြမ်းများကို ချည်ချောများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ချည်ထည်ပစ္စည်းများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ယင်းအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ဝါကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်နိုင်သည့် လုပ်ငန်းများ ပြည်တွင်း၌ အောင်မြင်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် အထောက်အကူတစ်ရပ် ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပမည်

**နေပြည်တော် မတ် ၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၁၃-၃-၂၀၂၄ ရက်နေ့တွင် စေတီတော်ရင်ပြင်ရှိ ဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ၁၂-၃-၂၀၂၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားရှိသည်ဖြစ်ရာ ယခုအခါ အဆိုပါအခမ်းအနားကို ၁၃-၃-၂၀၂၄ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့်ရွှေစင်ရွှေပြားကပ်လှူရန် ပထမဖောင်းရစ် ဧရိယာ ၃၄၈၅ ဒသမ ၈၇ စတုရန်းပေအတွက် ရွှေစင်ရွှေပြားလိုအပ်သည့် အချပ်ရေမှာ ၃၄၈၅ ချပ် ဖြစ်ပြီး ဖေဖော်ဝါရီလကုန်အထိ ၅၂၆ ချပ်သာ လှူဒါန်းရရှိထားသည်ဖြစ်ရာ လုံးတော်ပြည့် ကပ်လှူနိုင်ရန် ရွှေစင်ရွှေပြား ၂၉၅၉ ချပ် လိုအပ်လျက်ရှိကြောင်း သိရသည်။ အဆိုပါ လိုအပ်လျက်ရှိသည့် ရွှေစင်ရွှေပြားများအတွက် တစ်ချပ်လျှင် ကျပ် (၂၅) သိန်းနှုန်းဖြင့် အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည် -

(၁) ဦးမောင်မောင် (ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ) ဖုန်း - ၀၉-၄၀၄၄၃၄၄၉၉
(၂) ဦးထွန်းကြည် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်) ဖုန်း - ၀၉-၅၁၃၅၆၉၈
(၃) ဦးကြည်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်) ဖုန်း - ၀၉-၂၅၀၇၉၇၄၁၇
(၄) ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း - ၀၉-၄၄၂၂၅၂၆၇၀
(၅) ပျဉ်းမနားမြို့၊ မြန်မာ့စီးပွားရေးဘဏ် စာရင်းအမှတ် (CF – 000873)
(၆) AYA Pay (Merchant ID. 20044314)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူရန် ရွှေစင်ရွှေပြားများ လှူဒါန်းကြမည့် အလှူရှင်များအနေဖြင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲသို့ ကိုယ်တိုင်ကြွရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁ | ခွာင်ကြွဲပွဲ<br>Khaung cawi ni (ချင်းဘာသာ) | ကေ(တောင်တန်းပြာ) | ဦးမင်းထက်ဟန်<br>တောင်ဇလပ်နီစာပေ |
| ၂ | သုတေသနဟူသည်(တတိယအကြိမ်) | ဒေါက်တာအောင်မြင့်ဦး | ဒေါ်ခင်ဆွေဦး<br>ပညာရပ်ဝန်းစာပေ |
| ၃ | လုပ်ငန်းခွင် စာရင်းကိုင် အထူးထုတ် | ဆရာငြိမ်းချမ်းအောင် | ဦးကျော်သီဟ<br>IT Computer Training Center |
| ၄ | မိုင်းဘုန်းဆရာတော်နှင့်ထူးခြားသည့်စံကားဝါသားဆင်းတုတော်များ | သီပေါ(ကိုလတ်) | ဦးမျိုးဆင့်<br>ရှင်မတောင်စာပေ |
| ၅ | ခေါက်ထီးလေးတစ်လက်နှင့် မဂ္ဂဇင်းဝတ္ထုစုစည်းမှု | တက္ကသိုလ်စိုးစံ<br>စီစဉ်သည် | ဦးမျိုးဆင့်<br>ရှင်မတောင်စာပေ |
| ၆ | ကျွန်မ သတင်းသမား<br>ဘဂ္ဂဒက်မှာ ၁၀၁ ရက်ကြာ | နေဦးဝေ | ဦးနေဝင်း<br>ဘဝတက္ကသိုလ်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## ယနေ့ခေတ်မှာ နည်းပညာဖွံ့ဖြိုးတိုးတက်နေတာနဲ့အမျှ အလုပ်အကိုင်ရရှိမှုနဲ့ စီးပွားရေးလုပ်ငန်းများမှာ နည်းပညာဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လာတာကြောင့် အမျိုးသမီးများဟာ ခေတ်နဲ့လျော်ညီစွာ နည်းပညာတွေကို လက်လှမ်းမီသုံးစွဲတတ်ဖို့လို

❍ *ရှေ့ဖုံးမှ*

ဒီဆောင်ပုဒ်ရဲ့ရည်ရွယ်ချက်အရ ကျား မ တန်းတူညီမျှမှု ရရှိစေဖို့အတွက် အမျိုးသမီးနဲ့မိန်းကလေးငယ်များရဲ့ ပညာရေး၊ ကျန်းမာရေး လက်လှမ်းမီရရှိပြီး စီးပွားရေးမှာ ပိုမိုပါဝင်လာစေမယ့် နည်းလမ်းတွေကို စူးစမ်းလေ့လာကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိုင်ငံတကာမှာ ကဏ္ဍအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ကြပေမယ့် အထူးသဖြင့် အမျိုးသမီးများ စီးပွားရေးကဏ္ဍမှာ တန်းတူပါဝင်ခွင့်ရရှိဖို့အတွက် အခက်အခဲများစွာကို သိသိသာသာ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်တာကို ကမ္ဘာ့နိုင်ငံအားလုံး သတိပြုမိစေဖို့ ဆောင်ပုဒ်နဲ့အသိပေးနှိုးဆော်ခြင်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အမျိုးသမီးများနဲ့ မိန်းကလေးငယ်များအတွက် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ဆိုင်ရာအခွင့်အလမ်းများ၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများနဲ့ စာတတ်မြောက်မှုတို့မှာ တန်းတူညီမျှ လက်လှမ်းမီမှု ရရှိမယ်ဆိုရင် ကျား မ တန်းတူညီမျှမှုကို ရရှိနိုင်ကြောင်း ဒီဆောင်ပုဒ်က မီးမောင်းထိုးပြခြင်းပဲ ဖြစ်ပါတယ်။

အမျိုးသမီးများနဲ့ မိန်းကလေးငယ်များ စွမ်းဆောင်ရည်မြင့်မားစေဖို့၊ သူတို့ရဲ့လေ့လာနိုင်စွမ်း၊ ဝင်ငွေရှာဖွေနိုင်စွမ်းနဲ့ ဦးဆောင်နိုင်စွမ်းတွေကို ခိုင်မာအားကောင်းလာစေဖို့ အမျိုးသမီးများရဲ့ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဟာ အနာဂတ်အတွက် ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုလို့ ဆိုရမှာပဲဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါ၊ ပထဝီဝင်နိုင်ငံရေးဆိုင်ရာပဋိပက္ခ၊ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်တွေနဲ့ စီးပွားရေးဆိုင်ရာ မတည်ငြိမ်မှုများဟာ ကမ္ဘာ့လူဦးရေ ၇၅ သန်းကျော်ကို ဆင်းရဲမွဲတေမှုဆီသို့ တွန်းပို့ခဲ့ပါတယ်။ ဒီအခြေအနေတွေကို လိုအပ်တဲ့ တုံ့ပြန်ချက်တွေ မဆောင်ရွက်နိုင်ဘူးဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ အမျိုးသမီးနဲ့ မိန်းကလေးငယ် ၃၄၂ သန်းကျော်ဟာ ၂၀၃၀ ပြည့်နှစ်မှာ ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်ကို ရောက်ရှိဖို့ ဦးတည်နေပြီလို့ သိရှိရပါတယ်။

ယနေ့မြန်မာအမျိုးသမီးများဟာ မိသားစုအတွင်း၊ ရပ်ရွာလူမှုအဖွဲ့အစည်းအတွင်းသာမက နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှုအသိုက်အဝန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များမှာပါ အမျိုးသားများနဲ့ တန်းတူ အကျိုးပြုနိုင်သူတွေ ဖြစ်ကြပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသမီးများရဲ့ အင်အားကိုပါရယူပြီး လိုအပ်တဲ့ကဏ္ဍတွေမှာ ပါဝင်ခွင့်ပေးရမှာဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားစေဖို့အတွက် စာတတ်မြောက်မှုဟာ အခြေခံကျတဲ့ လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ စစ်တမ်းများရဲ့ ဖော်ပြချက်အရ ကမ္ဘာနဲ့အဝန်း အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၇၃ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှာ ၈၂ ဒသမ ၇ ရာခိုင်နှုန်း တိုးမြင့်လာတာကို တွေ့ရပါတယ်။ အာဆီယံဒေသတွင်းမှာ အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၈၉ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်မှာ ၉၅ ဒသမ ၁ ရာခိုင်နှုန်းထိ တိုးမြင့်လာပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီးစာတတ်မြောက်မှုနှုန်းဟာ ၂၀၀၀ ပြည့်နှစ်မှာ ၇၃ ရာခိုင်နှုန်းရှိရာက ၂၀၂၃ ခုနှစ်မှာ ၈၅ ရာခိုင်နှုန်းအထိ တိုးမြင့်လာနေပြီဖြစ်ပါတယ်။

မြို့ပြမှာသာမက ကျေးလက်ဒေသမှာနေထိုင်တဲ့ အမျိုးသမီးများအတွက် ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံပေးခြင်း၊ အတန်းပညာမသင်ယူနိုင်တဲ့ အမျိုးသမီးငယ်ရွယ်နဲ့ အမျိုးသမီးများအတွက် ၎င်းတို့ရဲ့ ဘဝကောင်းမွန်စွာ ရပ်တည်နိုင်ဖို့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနိုင်ရေး ပံ့ပိုးပေးကြဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို မှီခိုမှုကင်းစွာ ဆောင်ရွက်လာနိုင်ပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းကစလို့ အမျိုးသမီးများရဲ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ကမ္ဘာ့တစ်ဝန်း ကျား မ အခြေပြု အလုပ်အကိုင်ရရှိမှု စစ်တမ်း (၂၀၂၃) အရ ၂၀၂၀ ပြည့်နှစ်မှာ အလုပ်ရရှိသူ အမျိုးသားများမှာ ၆၆ ဒသမ ၅၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများမှာ ၄၃ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်မှာ အလုပ်ရရှိသူ အမျိုးသားများမှာ ၆၇ ဒသမ ၈၆ ရာခိုင်နှုန်းနဲ့ အမျိုးသမီးများမှာ ၄၃ ဒသမ ၈၂ ရာခိုင်နှုန်းဖြစ်တဲ့အတွက် အမျိုးသားနဲ့အမျိုးသမီးအကြား အလုပ်အကိုင်ရရှိမှုအခြေအနေဟာ ကွာဟနေဆဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အနေနဲ့ အမျိုးသမီးများအများစု ပါဝင်လုပ်ဆောင်နိုင်မယ့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးမှာ ကဏ္ဍအလိုက်လိုအပ်တဲ့ ကျွမ်းကျင်မှုများရရှိစေဖို့ အစီအစဉ်များ ဆောင်ရွက်ပေးနေပါတယ်။ အမျိုးသမီးများ လုပ်ငန်းခွင်မှာ နောက်ဆံမတင်းဘဲ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသမီးဦးရေ ၁၀၀ နဲ့အထက်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ကလေးထိန်းဌာနများထားရှိဖို့ လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ယနေ့ခေတ်မှာ နည်းပညာဖွံ့ဖြိုးတိုးတက်နေတာနဲ့အမျှ အလုပ်အကိုင်ရရှိမှုနဲ့ စီးပွားရေးလုပ်ငန်းများမှာ နည်းပညာဟာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လာတာကြောင့် အမျိုးသမီးများဟာ ခေတ်နဲ့လျော်ညီစွာ နည်းပညာတွေကို လက်လှမ်းမီသုံးစွဲတတ်ဖို့ လိုပါတယ်။ ကမ္ဘာ့လူဦးရေရဲ့အမျိုးသမီး ၂၇ ရာခိုင်နှုန်းဟာ နည်းပညာနဲ့ သက်ဆိုင်တဲ့လုပ်ငန်းများမှာ အလုပ်အကိုင်ရရှိပြီး ၂၀ ရာခိုင်နှုန်းဟာ နည်းပညာကဏ္ဍရဲ့ဦးဆောင်သူနေရာမှာ တာဝန်ယူလျက်ရှိနေကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာတော့ နည်းပညာနဲ့သက်ဆိုင်တဲ့ အလုပ်အကိုင်တွေမှာ အမျိုးသမီးပါဝင်မှုကို ကောက်ယူထားတဲ့အချက်အလက်မရှိပေမယ့်နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေမှာ တက်ရောက်နေကြတဲ့ အမျိုးသမီး ၄၈ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးသမီးများအတွက် အင်ဂျင်နီယာ၊ နည်းပညာ၊ ကွန်ပျူတာဘာသာရပ်များနဲ့ဆက်စပ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ကျား၊ မ ခွဲခြားခြင်းမရှိဘဲ တန်းတူအခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမျိုးသမီးများအနေနဲ့ နည်းပညာကို လက်လှမ်းမီသုံးစွဲနိုင်ဖို့ Digital Literacy သင်တန်းများ ပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနက လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဖွံ့ဖြိုးမှုသင်တန်းများနဲ့ နည်းပညာမြှင့်တင်ရေး သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး သင်တန်းသားများ ခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများနဲ့ကိုက်ညီပါက ကျား မ ခွဲခြားမှုမရှိဘဲ တန်းတူညီမျှစွာ အခွင့်အရေးပေးထားတဲ့အတွက် အမျိုးသမီးများပါဝင်နိုင်အောင် ဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်မြင့်မားလာစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ဒုတိယသက်တမ်း(၂၀၂၃-၂၀၃၂)ကို ရေးဆွဲလျက်ရှိပြီး အတည်ပြုပြီးတဲ့အခါ အကောင်အထည်ဖော်ရာမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

၂၀၁၄ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အခြေခံပြီး ထုတ်ပြန်လိုက်တဲ့ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့စာရင်းအရ မြန်မာနိုင်ငံရဲ့လူဦးရေ ၅၆ ဒသမ ၂ သန်းမှာ အမျိုးသား ၂၆ ဒသမ ၈ သန်းနဲ့ အမျိုးသမီး ၂၉ ဒသမ ၄ သန်းရှိတဲ့အတွက် ၅၂ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြပါတယ်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရပဲ ပြောရရင် ၂၅ နှစ်အထက် ပညာတတ်မြောက်မှုမှာ အလယ်တန်းအဆင့်ထိ ပြည်ထောင်စု ၇၂ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှာ အမျိုးသမီးက ၇၃ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသား ၇၂ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ လုပ်သားအင်အားပါဝင်မှုမှာ ပြည်ထောင်စုက ၆၃ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှာ ကျား ၇၅ ဒသမ ၇ ရာခိုင်နှုန်း၊ မ ၅၂ ဒသမ ၇ ရာခိုင်နှုန်း၊ အလုပ်လက်မဲ့ ပြည်ထောင်စု ၂ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှာ ကျား ၂ ဒသမ ၁ ရာခိုင်နှုန်း၊ မ ၃ ဒသမ ၄ ရာခိုင်နှုန်း၊ လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး ၆၁ ဒသမ ၅ ရာခိုင်နှုန်း၊ ကျား ၇၄ ဒသမ ၁ ရာခိုင်နှုန်း၊ မ ၅၀ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရှိကြတာ တွေ့ရပါတယ်။ အသေးစိတ်ပြောမယ်ဆိုရင် များစွာရှိပါတယ်။ ဒီအချက်အလက်တွေကိုကြည့်ရင် အမျိုးသမီးများရဲ့ အခန်းကဏ္ဍများစွာမြှင့်တင်ပေးဖို့လိုနေတယ်ဆိုတာ မီးမောင်းထိုးပြနေခြင်းပဲ ဖြစ်ပါတယ်။ အမျိုးသမီးများရဲ့ စွမ်းပကားကိုအခြေပြုပြီး နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးနဲ့ လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာများမှာ စွမ်းစွမ်းတမံ ပါဝင်ခွင့်ရရှိစေဖို့ ကျွန်တော်တို့ ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာလူဦးရေရဲ့ ထက်ဝက်ကျော်အင်အားရှိတဲ့ အမျိုးသမီးများရဲ့စွမ်းရည်ကို အသုံးချနိုင်ဖို့နဲ့ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ဖို့ **“အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး”**ဆိုတဲ့ ယခုနှစ်ဆောင်ပုဒ်နဲ့အညီ အမျိုးသမီးများ ဘက်စုံ၊ ကဏ္ဍစုံမှာ စွမ်းရည်ပြည့်ဝစေဖို့ နိုင်ငံတော်အစိုးရနဲ့အတူ ပုဂ္ဂလိက၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပြည်သူများအားလုံး တက်ညီလက်ညီပူးပေါင်းကာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆတက်ထမ်းပိုးတိုးပြီး ရင်းနှီးမြှုပ်နှံပေးကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

> **“ နိုင်ငံတော်အနေနဲ့ အမျိုးသမီးများအများစု ပါဝင်လုပ်ဆောင်နိုင်မယ့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်တဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးမှာ ကဏ္ဍအလိုက် လိုအပ်တဲ့ကျွမ်းကျင်မှုများရရှိစေဖို့ အစီအစဉ်များ ဆောင်ရွက်ပေးနေပါတယ်။ အမျိုးသမီးများ လုပ်ငန်းခွင်မှာ နောက်ဆံမတင်းဘဲ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသမီးဦးရေ ၁၀၀ နဲ့ အထက်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ ကလေးထိန်းဌာနများထားရှိဖို့ လူမှုဖူလုံရေးဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ် ”**

---

* *ရှေ့ဖုံးမှ*

V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ 929 ၊ မြကြေးမုံနှင့် ဗမာကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၈၀၀၀ ပေါက်ဈေးများဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင်ပဲအမျိုးအစားတွေ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ခုချိန်မှာ ကုလားပဲသစ်တွေ မန္တလေးဈေးကွက်ကို လှိုင်လှိုင်ဝင်ရောက်နေပါတယ်။ အိတ်အရေအတွက်နဲ့ဆိုရင် တစ်နေ့ကို ၃၀၀၀ ကျော်လောက်ဝင်ပါတယ်။ ခုချိန် လှိုင်လှိုင်ထွက်ပေါ်နေတာတောင် ဈေးနှုန်းမကျဘဲ အရောင်းအဝယ်တွေ ကောင်းနေတယ်။ ပြီးခဲ့တဲ့ နှစ်ထက်စာရင် တောင်သူတွေ အကျိုးရှိတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ကုလားပဲကို နှစ်စဉ်ဝယ်ယူနေတဲ့ နိုင်ငံတွေကတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေက ဝယ်ယူနေပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ ဒီနှစ်က အထွက်နှုန်းလည်း ကောင်းပါတယ်” ဟု ၎င်းက ပြောသည်။

ကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် မန္တလေးပဲဈေးကွက်၌ အဆိုပါကုလားပဲသစ်များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မတ် ၈**

"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး" ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ဦ္ဘကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### တာဝန်ရှိသူများတက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ကောင်စီဝင်များ၏ ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၏ ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးများဆိုင်ရာအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို ရှေ့ဖုံးနှင့် စာမျက်နှာ ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအခွင့်အရေး မြှင့်တင်ဖော်ဆောင်မှုများနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ လုပ်ငန်းများ၏ အရေးကြီးမှုကို ပြည်သူလူထုက သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို နှစ်စဉ် ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် နေပြည်တော်အပါအဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးကော်မတီများအကြား သက်ဆိုင်ရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်နိုင်ရေးအတွက် ကော်မတီ၏ အစည်းအဝေးကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် (၂)ကြိမ် ကျင်းပ ဆောင်ရွက်လျက်ရှိပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ခြင်း၊ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် လိုအပ်သည့်ကြီးကြပ်လမ်းညွှန်မှုများ ဆောင်ရွက်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

### သတင်းပို့တိုင်ကြားနိုင်

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကိုလည်း တစ်နှစ်တစ်ကြိမ် သက်တမ်းတိုး၍ တတိယသက်တမ်းကာလကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအကြမ်းဖက်မှု ကြုံတွေ့ရပါက သတင်းပို့တိုင်ကြားနိုင်ရန် ၂၄ နာရီ Helpline ဖုန်း "1566" ကို ဖွင့်ထားပြီး ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း၊ ပြည်သူများ အသိပညာဗဟုသုတရရှိပြီး အမျိုးသမီးအခွင့်အရေးများ ကဏ္ဍစုံတွင်ကျား၊ မ တန်းတူညီမျှရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို သိရှိနိုင်စေရန် အသိပညာပေးအစီအစဉ်များကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်း၍

*စာမျက်နှာ ၅ သို့*



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီး ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။




မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

တိုင်းဒေသကြီး/ ပြည်နယ်များအထိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျား၊ မ တန်းတူညီမျှရေးဆောင်ရွက်ချက်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်၏မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာဌာန / အဖွဲ့အစည်းများနှင့်အတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့လာသည့် သဝဏ်လွှာ Video Clip နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ Video Clip တို့ကို ပြသသည်။

**ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဋ္ဌေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ ဇနီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲတွင်



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ပန်းရောင်စုံနှင့် လှတဲ့မြေ" တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးဒေါ်ကြူကြူလှသည်အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် အမျိုးသမီးကျောင်းများနှင့် အမျိုးသမီးအသင်းအဖွဲ့များ၏ ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## ပဲခူးမြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး မတ် ၈**

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ မတ် ၈ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးရေး၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ခံရမှုများ မရှိစေရေးအတွက် ဌာနဆိုင်ရာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်ရှိသော မြန်မာ အမျိုးသမီးများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ နယ်ပယ်စုံ၊ ကဏ္ဍစုံတွေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်မြင့်မားလျက်ရှိပြီး အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နှင့် ပါဝင်နိုင်မှုအခွင့်အလမ်းများကို



တန်းတူညီမျှ ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး" ဆိုသည့်အတိုင်း အရှိန်အဟုန်ဖြင့် တိုးတက်မှုရယူလိုပါက အမျိုးသမီးကဏ္ဍများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ NGO များက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော သမိုင်းမှတ်တိုင်များ Video Clip နှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာ Video Clip ကို ကြည့်ရှုသည်။

ယင်းနောက် မူကြိုသမီးငယ်လေးများက အကပဒေသာဖြင့် တင်ဆက်ဖျော်ဖြေကြရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် မတ် ၈

**အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ပထမနေ့ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။ ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက **“သာသနဿ စ လောကဿ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ”** အစချီသော ၂ ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး ကျင်းပမည့် ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃၊ ၁၄ ရက်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၂၄ ခုနှစ်၊ မတ် ၈၊ ၉၊ ၁၀ ရက်များအတွက် အစည်းအဝေးအစီအစဉ်များကို လျှောက်ထားပြီး အတည်ပြုချက်ကိုရယူ၍ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြသည်။

ဆက်လက်၍ အစည်းအဝေး သဘာပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အကျိုးတော်ဆောင် ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ၁၃၈၄ ခုနှစ်၊ တပေါင်းလမှ ၁၃၈၅ ခုနှစ် ယနေ့အထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ နှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း ခံရသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများကို အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာ အကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထား၍ နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက် ကျင်းပပြီး ၁၃၈၄ ခုနှစ် တပေါင်းလမှ ယနေ့အထိ ကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း ဖတ်ကြားတင်သွင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒနှင့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညတို့က ရှင်းလင်းပြန်ကြားလျှောက်ထားခဲ့ပြီး မွန်းလွဲပိုင်းတွင် ပထမနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်ဇနီး ဒေါ်ပါးပါးစန္ဒီပရဆေးမိသားစု၊ အမှတ် ၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြိမ်နှင့်ဝါးထုတ်ကုန်ပစ္စည်းများ ပြည်တွင်း/ပြည်ပရောင်းဝယ်နိုင်ရန် အရည်အသွေးမီကုန်ကြမ်းများ ရေရှည်ရရှိနိုင်ရန် လိုအပ်

**နေပြည်တော် မတ် ၈**

မြန်မာ့ကြိမ်နှင့် ဝါးအခန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မှော်ဘီမြို့ရှိ AFoCO RETC သင်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက်ပြီး ကြိမ်နှင့် ဝါး သယံဇာတအရင်းအမြစ်များနှင့် ပတ်သက်၍ ကမ္ဘာပေါ်တွင် ကြိမ်မျိုးစု ၁၂ မျိုးနှင့် မျိုးစိတ် ၅၅၀ ရှိပြီး မြန်မာနိုင်ငံတွင် ကြိမ်မျိုးစု ခြောက်မျိုးနှင့် မျိုးစိတ် ၃၂ မျိုး ပေါက်ရောက်သည့်အတွက် ကမ္ဘာ့ကြိမ်မျိုးစိတ် အရေအတွက်၏ ၆ ရာခိုင်နှုန်းခန့် ပျံ့နှံ့ပေါက်ရောက်လျက်ရှိပြီး ကမ္ဘာပေါ်တွင် ဝါးမျိုးစုပေါင်း ၇၅ မျိုး၊ ဝါးမျိုးစိတ်ပေါင်း ၁၂၅၀ ခန့် ပေါက်ရောက်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုး ပေါက်ရောက်ပြီး ကမ္ဘာ့ ဝါးမျိုးစိတ် အရေအတွက်၏ ၈ ရာခိုင်နှုန်း ပျံ့နှံ့ပေါက်ရောက် လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

ကြိမ်နှင့်ဝါး ထုတ်ကုန်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်ပြီး ပြည်တွင်း/ ပြည်ပ ရောင်းဝယ်မှု ပြုလုပ်နိုင်ရန် အရည်အသွေးမီ ကုန်ကြမ်းများ ရေရှည်ရရှိနိုင်ရန် လိုအပ်ကြောင်း၊ အရည်အသွေးမီ ကြိမ်နှင့် ဝါးကုန်ကြမ်းများ စဉ်ဆက်မပြတ် ရရှိရန်အတွက် သဘာဝတောများမှ ရနိုင်သည့် ကြိမ်နှင့် ဝါးကုန်ကြမ်းများကို စနစ်တကျ ထုတ်ယူသုံးစွဲသည့် နည်းအပြင် စိုက်ခင်းများ တည်ထောင်ပြီး စနစ်တကျ ပြုစု ထိန်းသိမ်းထုတ်ယူ သုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကြိမ်နှင့် ဝါးစိုက်ခင်းများ တည်ထောင်သည့် နေရာတွင်လည်း မြေနေရာ ရရှိနိုင်မှု၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးအရင်းအနှီး၊ စိုက်ခင်းဆိုင်ရာပျိုးထောင်၊ စိုက်ပျိုး၊ ပြုစုသည့်လုပ်ငန်းများ အတွက် နည်းပညာများလည်း လိုအပ်ချက်များ ရှိလာမည်ဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေး ပေးကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။



အလုပ်ရုံ ဆွေးနွေးပွဲသို့ အမြဲတမ်း အတွင်းဝန်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ မြန်မာနိုင်ငံ ကြိမ်နှင့် ဝါး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ၏ MSME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမည့် မြန်မာ့ကြိမ်နှင့်ဝါး အခန်းကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်စပ်ပတ်သက်သူများအားလုံးကိုဖိတ်ကြားပြီး ကြိမ်နှင့် ဝါးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသူများအချင်းချင်း အတွေ့အကြုံများဖလှယ်နိုင်ရန်၊ ကြိမ်နှင့် ဝါးထုတ်ကုန်ပစ္စည်းများ

*စာမျက်နှာ ၇ သို့*

# နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာ

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ကြပ်မတ်ကွပ်ကဲထိန်းသိမ်းစောင့်ရှောက်ရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်ကြောင်း ဆရာတော်အရှင်မြတ်များအားလုံး သဘောပေါက်ပြီးဖြစ်ကြပါသည်ဘုရား။ ရဟန်းသံဃာတော်များသည် သာသနာတော်တွင် လုပ်ငန်းတာဝန်နှစ်ရပ်ဖြင့် သီတင်းသုံးနေထိုင်တော်မူကြသည့် အားလျော်စွာ ဂန္ထဓုရတာဝန်ကို ဆောင်ရွက်တော်မူကြသော ပရိယတ္တိစာသင်တိုက်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များက မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်း၊ ဝိပဿနာဓုရတာဝန်ကို ဆောင်ရွက်တော်မူကြသော ကမ္မဋ္ဌာန်းကျောင်းတိုက်များကလည်း မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ကလည်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြပ်မတ်ကွပ်ကဲ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းတို့ဖြင့် သုံးပွင့်ဆိုင်ညီညီညွတ်ညွတ် ဓမ္မာနုဂ္ဂဟကုသိုလ်ထူးကို ဆောင်ရွက်တော်မူနိုင်ကြရေး အလေးပေး လျှောက်ထားအပ်ပါသည်ဘုရား။ သို့မှသာ ဤလောက၌ မကြည်ညိုသေးသောသူတို့ ကြည်ညိုလာကြခြင်း၊ ကြည်ညိုပြီးသောသူတို့ကလည်း ပို၍ကြည်ညိုလာကြခြင်းဖြင့် သဗ္ဗညုဘုရားရှင်၏ သာသနာတော်ကြီးသည် ပြစ်မျိုးမထင် အညစ်အကြေးကင်းစင်၍ သန့်ရှင်းစင်ကြယ်စွာ ကြာရှည်အစဉ်တည်တံ့နေနိုင်မည် ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

မြတ်စွာဘုရားရှင်သည် သာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့နေစေရေးအတွက် လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်တော်မူကြမည့် ပဉ္စဝဂ္ဂီငါးပါးတို့နှင့်တကွ အဂ္ဂသာဝက မဟာသာဝက စသောသာဝက တပည့်သားရဟန်းတော်တို့ကို ရှင်ရဟန်းပြုပေးတော်မူလျက် စည်းမျဉ်းစည်းကမ်းအဖြစ် ဓမ္မဝိနယတို့ကို ဟောကြားဆုံးမကာ သံဃာ့အဖွဲ့အစည်းကြီးကို တည်ထောင်တော်မူခဲ့ပါသည်ဘုရား။ သက်တော်ထင်ရှား ဘုရားရှင်လက်ထက် တပည့်သာဝကအဆက်ဆက်မှ ယခုမျက်မှောက်ခေတ်သာသနာ့တာဝန် ထမ်းဆောင်တော်မူကြသည့် သံဃာထုတိုင်အောင် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြရာ နှစ်ပေါင်း (၂၅၆၇) နှစ်တိုင်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်ဘုရား။ တပည့်တော်တို့၏ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၊ ဂိုဏ်းအသီးသီးမှ သာသနာ့ဥသျှောင် ဆရာ့ဆရာ မထေရ်ကြီးများကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရများ၏ သာသနာပြုကုသိုလ်အထောက်အပံ့ကို ရယူလျက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးများကို ကျင်းပကာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်း ဓမ္မကံ အဓိကရုဏ်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သံဃနာယကလက်စွဲ၊ ဝိနိစ္ဆယလက်စွဲ စသည်တို့ကို အတည်ပြုပြဋ္ဌာန်းတော်မူခဲ့ကြပါသည်။ ယင်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်း၍ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို ချမှတ်ကာ “ သံဃာ့ကိစ္စ သံဃာဆောင်ရွက် ” မူအရ သာသနာတော်ကိစ္စရပ်တို့ကို ဆောင်ရွက်လာခဲ့ကြသည်မှာ ပထမအကြိမ် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သက်တမ်းမှ အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့



ဆဋ္ဌအကြိမ်အထိ ရောက်ရှိခဲ့ရာ နှစ်ပေါင်း (၄၅) နှစ် တိုင်ရှိခဲ့ပြီဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ထိုသို့ ဘုရားရှင်လက်ထက်တော်မှသည် ယနေ့ခေတ်တိုင်အောင် အယူသီလ တူမျှကြကာ စည်းမျဉ်းစည်းကမ်းတစ်ခုတည်းအတွင်းတွင် တည်ရှိခဲ့သည့် သံဃာ့အဖွဲ့အစည်းကြီးသည် သက်တမ်းရှည်ကြာစည်းတာပြည့်ဝသိပ်သည်းကျစ်လျစ်လှသည့် အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ပြီး ကမ္ဘာပေါ်ရှိ မည်သည့်အဖွဲ့အစည်းနှင့်မျှ နှိုင်းယှဉ်မရနိုင်သည့် မြင့်မြတ်လှသော အဖွဲ့အစည်းကြီးပင်ဖြစ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ထိုသို့သောအဖွဲ့အစည်းကြီးတွင် ပါဝင်ခွင့်ရကြသည့် တပည့်တော်တို့ သံဃာထုတစ်ရပ်လုံးသည် မိမိတို့ကျင့်သုံးထိုက်သော သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် မြင့်မားသည်ထက်မြင့်မားအောင် အားစိုက်ကျင့်ဆောင်သည့်အနေဖြင့် ဓုရနှစ်ဖြာ တာဝန်အသီးသီး ကျေပွန်ရင်းနှင့် သာသနာတော်ဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းတာဝန်များ ကျေပွန်ရေးတို့ကို ဆောင်ရွက်တော်မူကြပါလျှင် ဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ပေါင်း (၅၀၀၀) မက တည်တံ့နေမည်သာ ဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ၊ အခန်း (၆) လုပ်ငန်းတာဝန်များပေးအပ်ခြင်း ၊ ပေးအပ်သော တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဟူသော ခေါင်းစဉ်အောက်တွင် “သံဃာ့အဖွဲ့အစည်းတစ်ဆင့်ဆင့်၌ ပါဝင်သောဆရာတော်သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှု၍ မိမိအားပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်” ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။ ထိုအခြေခံစည်းမျဉ်းအရ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းအခန်း (၆)၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း အခန်းတွင် –

(က) ရပ်ကွက်/ကျေးရွာအုပ်စုသံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ၊
(ခ) မြို့နယ်သံဃနာယကအဖွဲ့၏လုပ်ငန်းတာဝန်များ၊
(ဂ) တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ၊
(ဃ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ

စသည့်လုပ်ငန်းတာဝန်အသီးသီးကို ပြဋ္ဌာန်းသတ်မှတ်ထားပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း အခန်း(၆)၊ အပိုဒ်(၁၀၈)တွင် “နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရဟန်း၊ သာမဏေအားလုံးကို ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးမှတစ်ဆင့် တာဝန်ခံရမည်”ဟု လည်းကောင်း၊ အပိုဒ် (၁၀၉)၊ အပိုဒ်ခွဲ (က)တွင် “ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတစ်ခုနှင့်တစ်ခုအကြား သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်မှုကို တာဝန်ယူဆောင်ရွက်ရမည်” ဟု လည်းကောင်း၊ အပိုဒ်ခွဲ(ဠ)တွင် “တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေးကျင်းပရမည်” ဟု လည်းကောင်း စသည်ဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သံဃာ့အဖွဲ့အစည်းကြီးတည်ရှိခဲ့သည့် (၄၅) နှစ်တာကာလအတွင်း သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စတို့ကို တစိုက်မတ်မတ် ဆောင်ရွက်နိုင်ခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မှု မပြုနိုင်ခဲ့ပါက ဤနှစ်များအတွင်း တပည့်တော်တို့ သာသနာတော်ကြီးသည် ဝိတဏ္ဍာဘေးရောထွေးပွေရှုပ် များစွာဆုတ်ယုတ်ပျက်စီးသွားနိုင်သည်ကို ဆင်ခြင်တွေးဆနိုင်ပါသည်ဘုရား။ သို့ဖြစ်၍ သာသနာတော်အရေး ကြောင်းကျိုးခြင်းရာများကို စဉ်းစားဆင်ခြင်ကြည့်ပါက တပည့်တော်တို့ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ရခြင်း၏ သာသနာတော်အတွက် အကျိုးကျေးဇူးများပုံကို ပြတ်ပြတ်ထင်ထင်သိမြင်နိုင်ပါသည်ဘုရား။ ဤသံဃာ့အဖွဲ့အစည်းအဆင့်ဆင့် မယိုင်လဲမပြိုကွဲအောင် ထိန်းသိမ်းပြုပြင်ကာကွယ်သွားရမည့် တာဝန်သည် မိမိတို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ အဓိကတာဝန်ကြီးဖြစ်ပါပေသည်ဟု နှလုံးသွင်းတော်မူကြလျက် ဤသံဃာ့အဖွဲ့အစည်းကြီး ခိုင်မာတည်တံ့လျက် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီး၊ ဂိုဏ်းအသီးသီးရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်တို့က နိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ သာသနာတော်အတွက် ယုံကြည်ကိုးစား အားထားရမည့် အဖွဲ့အစည်းကြီးဖြစ်အောင် ထက်သန်သော သဒ္ဓါ ဆန္ဒ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် တိုက်တွန်းလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သံဃာ့အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များအတိုင်း နောက်ဆုံးကျင်းပနိုင်ခဲ့သည့် ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးနောက်ပိုင်း ဆဋ္ဌအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး မကျင်းပနိုင်မီကာလအတွင်း သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်၊ ဂိုဏ်းပေါင်းစုံ သံဃာစည်းလုံးညီညွတ်ရေးတာဝန်များသည် တပည့်တော်တို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ တာဝန်ဖြစ်သည်ဟု သာသနာတော်မြတ်ကြီး၏တာဝန်ကို ထမ်းဆောင်တော်မူရသည့် မိမိတို့၏တာဝန်ကြီးကို ဆင်ခြင်စဉ်းစား ပီတိပွားကာ သောမနဿသဟ ဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် တာဝန်ကျေပွန်အောင် ဆတက်ထမ်းပိုးတိုး၍ တိုး၍ အားကြိုးမာန်တက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျှောက်ထားပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အရှင်မြတ်တို့ဘုရား။

---

*စာမျက်နှာ ၆ မှ*

ထုတ်လုပ်ရာတွင် အရည်အသွေးမီ ကုန်ကြမ်းများစဉ်ဆက်မပြတ် ရရှိနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုရရှိရေး၊ ထုတ်ကုန်ဆိုင်ရာ နည်းပညာနှင့် စက်ကိရိယာ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ကိစ္စများ ညှိနှိုင်းပေါင်းစပ်အကြံပြုနိုင်ရန်၊ ကြိမ်နှင့် ဝါးတန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ပြီး ကြိမ်နှင့် ဝါးထုတ်ကုန်ပစ္စည်းများ ပြည်တွင်း/ ပြည်ပဈေးကွက် ရရှိနိုင်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေး/အကြံပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ခေါင်လန်ဖူးမြို့နယ် မီးလင်းရေးအတွက် အထမ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်

**မြစ်ကြီးနား မတ် ၈**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ်၌ လျှပ်စစ်မီးလင်းရေးအတွက် မြို့နယ်အတွင်းရှိ အထမ်ချောင်းမှတစ်ဆင့် ရေအားလျှပ်စစ် ထုတ်ယူနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၆ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပူတာအိုခရိုင်တစ်ခုလုံး လျှပ်စစ်မီးလုံလောက်စွာ ရရှိရေးအတွက် ရေအားလျှပ်စစ် ထုတ်ယူနိုင်ရေး စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ခေါင်လန်ဖူးဒေသ လျှပ်စစ်မီးလင်းရေးအတွက် အထမ်ချောင်းရေမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် ဒေသခံလပြည့်ဝန်းကုမ္ပဏီအနေဖြင့် ကွင်းဆင်းလေ့လာတွေ့ရှိမှုများအပေါ် တင်ပြနိုင်ရေးနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် အထမ်ချောင်းမှ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့မှုများအပေါ် လပြည့်ဝန်းကုမ္ပဏီ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများက သုံးသပ်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**ပြည်နယ်(ပြန်/ဆက်)**



# ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ဆရာတော်၊ သံဃာတော်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့ရှိ ချမ်းမြေ့ဇေယျာ သာမဏေကျော် တက္ကသိုလ်၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ဥဿာသီရိ စာသင်တိုက်၊ သာသနဇ္ဇပါလ ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်အပါး ၁၆၀ တို့က လာရောက်ဖူးမြော် ကြည်ညိုကြသည်။ **(အပေါ်ယာပုံ)**



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ ဘုရားဖူးလာ ဆရာတော်၊ သံဃာတော်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လှေ့လာကြည့်ရှုကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိသာသနဓ ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထိုကဲ့သို့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဆရာတော်၊ သံဃာတော်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့် ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းလျှောက်ထားခဲ့ကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ် ရပ်စောက်မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့်တွေ့ဆုံ



**နေပြည်တော် မတ် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီရယ်သည် ယနေ့နံနက်ပိုင်းက ရပ်စောက်မြို့နယ် ယမ်းတွင်းငကြောင်ကျေးရွာအုပ်စု ပင်ဖြစ်ကျေးရွာ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးရုံး၌ မြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့် တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများက ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တောင်ကြီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရပ်စောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ယာယီတိုက်ပွဲရှောင် ပြည်သူများ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကို တင်ပြဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဗဟိုအကြံပေးအဖွဲ့ဝင်က ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ယာယီတိုက်ပွဲရှောင် ပြည်သူများကိုယ်စား ဦးခွန်စံသိန်းနှင့် ဦးဒန်းဗဟာဒူးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး သီးနှံပြက္ခဒိန်များရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် မတ် ၈**

နေပြည်တော်ကောင်စီ နယ်မြေတွင် သီးထပ်စွမ်းအားမြင့်မားရေး၊ တစ်ကေချင်း၏ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်း တိုးတက်ရေးအတွက် ရေသွင်းစနစ်မှန်ကန်ရေး၊ ရေပေးမြောင်း ရေသောက်မြောင်းများ ရေပေးဝေမှုအဆင်ပြေချောမွေ့စေရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယမန်နေ့ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာရှိ ဆင်သေချောင်းလျှပ်စစ်ရေတင်လုပ်ငန်း ရေသောက်ဧရိယာတွင် နွေနှမ်းစိုက်ပျိုးကြမည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက နွေနှမ်းသီးနှံ အထွက်တိုးစေရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဦးစီးဌာနက ဖြန့်ဝေထားသည့် စိုက်နည်းစနစ်များကို စနစ်တကျ လိုက်နာကျင့်သုံးရန်၊ သီးနှံအလိုက် ရေလိုအပ်ချက်ပေါ် မူတည်၍ ရေပေးသွင်းမှုမှန်ကန်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု ကြို့ပင်ရေမြှင့်ရေထိန်း အဆောက်အအုံအနီး နွေနှမ်းအထူးဇုန် ဧက ၁၅၀ တွင် စိုက်ပျိုးလုပ်ကိုင်ကြမည့် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေနှမ်းမျိုးစေ့များ စုဆောင်းထားရှိမှု၊ အသုံးပြုဆောင်ရွက်ကြမည့် စိုက်နည်းစနစ်၊ ရေသွင်းမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသည်။

အလားတူ ဇေယျာသီရိမြို့နယ် မအူတောအုပ်စု စိမ်းစားပင်ကျေးရွာရှိ တောင်သူပညာပေးစင်တာတွင် ရေဆင်းဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါး၊ နွေသီးနှံ စိုက်ပျိုးကြမည့် တောင်သူများအားတွေ့ဆုံ၍ ဒုတိယဝန်ကြီးက စိုက်ပျိုးရေစီမံခန့်ခွဲမှု စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် တစ်ကွင်းတစ်စပ်တည်း မျိုးတူသည့် စပါးမျိုးများစိုက်ပျိုးရန် လိုအပ်ချက်များ၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအား တိုးတက်မြင့်မားရေးအတွက် ဒေသနှင့်ကိုက်ညီပြီး တောင်သူအကျိုးရှိစေမည့် သီးနှံပြက္ခဒိန်များ ရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် ကိစ္စရပ်များကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး ရေအသုံးချသူများ အဖွဲ့ဝင် တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရေဆင်းဆည်ရေသောက်စနစ်အတွင်း စိုက်ပျိုးရေပေးဝေနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နွေစပါး စိုက်ပျိုးရန် ထွန်ယက်လုပ်ကိုင်နေသော တောင်သူများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယခု ၂၀၂၃ - ၂၀၂၄ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် နွေစပါး ၂၉၀၅၃ ဧကနှင့် နွေသီးနှံ ၁၇၃၈၈ ဧက စုစုပေါင်း ၄၆၄၄၁ ဧကကို စိုက်ပျိုးရေပေးဝေသွားရန် လျာထားစီမံဆောင်ရွက်လျက်ရှိပြီး လက်ရှိအချိန်တွင် ရေလှောင်တမံအချို့မှ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။ မတ် ၁၅ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေပေးဝေရန် ကျန်ရှိသော ရေလှောင်တမံ၊ လျှပ်စစ်ရေတင်၊ ဆိုလာရေတင်လုပ်ငန်းများမှလည်း လျာထားဧကများ ပြည့်မီစေရေးစိုက်ပျိုးရေ ဆက်လက်ပေးဝေသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နှစ်စဉ်လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၅၀၀ ခန့်တိုးတက်ထုတ်လုပ်နိုင်မှသာ နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်

နေပြည်တော် မတ် ၈

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တည်ဆောက်ပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံခြောက်ခုနှင့် တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုးခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက လက်ရှိ ၂၀၂၄ ခုနှစ် နိုင်ငံတော်ဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ဒသမ ၆ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas + Coal) မှ ၅၀ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ National Electricity Master Plan (၂၀၁၄) အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) အရင်းအမြစ်များမှ မဂ္ဂါဝပ် ၃၀၇၀ (၁၇) ရာနှုန်းအထိ ဆောင်ရွက်ရန်လျာထားပါကြောင်း၊ သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်များမှ ဓာတ်အားထုတ်လုပ်ရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဓာတ်အားစနစ်၏ အခြေခံဝန်အား (Base Load) အနေဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ရေအား၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်းများကိုလည်း ဟန်ချက်ညီညီ အကောင်အထည်ဖော်တည်ဆောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက် (National Electricity Master Plan) ၏ နှစ်အလိုက်ဓာတ်အားလိုအပ်ချက် တိုးတက်လာမည့် အခြေအနေများအရ နှစ်စဉ်လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲမှုသည် ကိုးရာခိုင်နှုန်းနှင့်အထက်ရှိသဖြင့် နှစ်စဉ်လျှပ်စစ်ဓာတ်အားပမာဏ မဂ္ဂါဝပ် ၅၀၀ ခန့် တိုးတက်ထုတ်လုပ်နိုင်မှသာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ နိုင်ငံတော်နှင့် ပြည်သူ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရေး ယနေ့တက်ရောက်လာကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြကြရန်နှင့် မိမိတို့မှလည်း လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးရန်အတွက် ပွင့်ပွင့်လင်းလင်းတင်ပြကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကကုမ္ပဏီများကလည်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တည်ဆောက်ပြီးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံခြောက်ရုံနှင့် တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကိုးခုတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လုပ်ငန်းအခက်အခဲများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် နေပြည်တော်ဗဟိုသင်တန်းကျောင်း၌ ကျင်းပပြုလုပ်သည့် ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်း ပြုပြင်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၄)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆုရသင်တန်းသားများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်အားပေး

**ရန်ကုန် မတ် ၈**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၈) နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြဝတီစင်တာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက ဦးအောင်လွင်က နှုတ်ခွန်းဆက် မုဒိတာစကား ပြောကြားသည်။



**ဒုတိယဝန်ကြီး ဦးရဲတင့် မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်အစည်းအရုံးကြီးကို စတင်ဦးဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများ၏ မှတ်တမ်းနှင့် ဓာတ်ပုံများကြည့်ရှုစဉ်။**

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က (၇၈) နှစ်မြောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်ခွင့်ရ၍ ကြည်နူးဝမ်းမြောက်မိပါကြောင်း၊ ၁၉၄၆ ခုနှစ် မတ် ၈ ရက်သည် ရုပ်ရှင်နှင့် ပြဇာတ် စတင်ပေါ်ပေါက်ခဲ့သော နေ့ရက်ကို ပြန်လည်ဖော်ထုတ်သည့်အနေဖြင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး၏ မွေးနေ့အဖြစ် ယနေ့တွင် စတင်ကျင်းပခြင်းသည် ကောင်းမွန်သော အစဉ်အလာကောင်းတစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် ငွေရတုကာလဖြစ်သော ၁၉၄၆ ခုနှစ်မှ ၁၉၆၉ ကာလအထိ၊ ရွှေရတုကာလဖြစ်သော ၁၉၆၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ၊ စိန်ရတုကာလဖြစ်သော ၁၉၉၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိနှင့် ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မြန်မာနိုင်ငံ ရုပ်ရှင်ရာပြည့်အခမ်းအနားတို့ကို ကျင်းပနိုင်ခဲ့ခြင်းသည် မြန်မာ့ ရုပ်ရှင်လောကသားများ၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့် ရုပ်ရှင်ဖြင့် တိုင်းပြည်နှင့်လူမျိုးကို အလုပ်အကျွေးပြုခဲ့မှု၏ မှတ်တမ်းပုံရိပ်များကို ဂုဏ်ယူစွာ တွေ့မြင်ရပါကြောင်း။

မြန်မာ့ရုပ်ရှင် ဖြတ်သန်းခဲ့မှုသည် (၇၈)နှစ်သို့တိုင် ရောက်ရှိခဲ့ပြီဖြစ်ပြီး ရုပ်ရှင်သည် ပြည်သူ့အတွက် ဟူသော ဆောင်ပုဒ်နှင့်အညီ ရုပ်ရှင်လောကသားများ အချင်းချင်း စည်းလုံးချစ်ကြည်မှုနှင့် နိုင်ငံတော်ကို အကျိုးပြုခဲ့သည့် အစဉ်အလာကောင်းတို့သည် လေးစားဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မိုခါမုန်တိုင်းထောက်ပံ့ကူညီမှုတွင်လည်း အနုပညာရှင်များ၏ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ခဲ့မှုသည် နိုင်ငံအကျိုးနှင့် ပြည်သူ့အကျိုးအဖြစ် ဂုဏ်ယူဖွယ် တွေ့မြင်ရပါကြောင်း၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အနေဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများကို ယုံကြည်အားကိုး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော် အကြီးအကဲက ရုပ်ရှင်လောကသားများ ပြန်လည်ရှင်သန်နိုင်ရန် လမ်းညွှန်မှုနှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်ချိန်က မြန်မာ့ရုပ်ရှင်၏ စည်းလုံးညီညွတ်ခဲ့မှုကို ထိန်းသိမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက မြန်မာ့ရုပ်ရှင်အစည်းအရုံးဖြစ်ပေါ်လာပုံနှင့် မြန်မာ့ရုပ်ရှင်အစည်းအရုံး အဆောက်အဦများပေါ်ထွန်းရန် ကြိုးပမ်းခဲ့ကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်များ၊ အစည်းအရုံးဝင်များနှင့် အနုပညာရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုစကားများ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကြီးမှူးကျင်းပသည့် ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး ဒါရိုက်တာ ဦးဇော်မြင့်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆုရရှိသည့်ဇာတ်လမ်းတို ၁၀ ကားကို ဦးနှင်းမိုး၊ ဦးဇော်မင်းနှင့် ဦးရန်အောင်တို့က ဂုဏ်ပြုအထူးဆုများ ပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ (၇၈)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက စကားဝိုင်းအဖြစ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 နှင့် MG, MGZS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Ltd. မှ တင်သွင်းလာသော Geely Geometry C အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Dongfeng Motor Corporation Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng EX1 Pro အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပို့တွဲလ စာအလင်္ကာများ

## မောင်လူမွေး(မြန်မာမှု)

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလကို အကြောင်းပြု၍ ပေါ်ပေါက်လာကြသည့် စာအလင်္ကာများအနက်– ဤထမနဲထိုး တေးထပ်သည် မှတ်ဖွယ်မှတ်ရာ ဖြစ်ပေသည်။

**ကုမ်ရာသီမာသ သဘာဝရှင်စွာ၊ ထာဝရစဉ်လာ များသူငါခြိမ့်သဲ၊ ညာဇမ္ဗူ သာစုခေါ်အောင် ယာဂုတော်ကြိုဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ လေးပြည်သာထည့်မြဲ၊ ချိန်ပိသာ လျှံကြည်ရွှဲအောင်လို့ နှမ်းဆီလည်းထည့်ပြန်၊ မြေပဲဆန် အဋ္ဌသုည ငယ်နှင့် ဒွတ္တိံသ တိလဗီဇ၊ အုန်းသီးစိတ် ကျပ်ဝီသံငယ် လောဏတံ ချိန်သတ်နှင့်၊ ချင်း(ဂျင်း) နဖတ်သိင်္ဂီမျှင်ရွှေ သုံးကျပ်မသွေ၊ နည်းစဉ်ဆက် သမုဆွေငယ် ဥပဒေမော်ကွန်းပလေး…။ ။**

ဤတေးထပ်ကိုရေးစပ်သူ စာဆိုမှာ ပါဠိဘာသာကျွမ်းကျင်သူ ဖြစ်ရာ၏။ ယခုခေတ် အများမသိနိုင်ပေ။ အဓိပ္ပာယ်မှာ ကောက်ညှင်းဆန်လေးပြည်၊ နှမ်းဆီတစ်ပိဿာ၊ မြေပဲဆန် ၈၀ သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ သား၊ ဆား ခုနစ်ကျပ်သား၊ ချင်း(ဂျင်း) စိမ်း ၃၀ သားတို့ကို ဒယ်အိုးတွင် နှံ့အောင်မွှေ၍ နယ်ရသည်၊ ထမနဲ ထိုးရသည်ဟု ဆိုလိုပေသည်။

မြန်မာ့အစားအစာအချို့သည် အစာလည်းဆေး ဆေးလည်းအစာ ဆိုသကဲ့သို့ သဘာဝရာသီဥတုနှင့်ကိုက်ညီစွာ ပြုလုပ်ထားသော မုန့်ပဲသွားရည်စာ အစားအစာများရှိရာ ဤထမနဲ အစားအစာသည် ကုမ်ရာသီ တပို့တွဲနှင့် ကိုက်ညီသော အစာအာဟာရဖြစ်ပေသည်။

တိုင်းရင်းဆေးကျမ်းများတွင် တပို့တွဲလကား အလွန်အေးမြ၍ လူတို့တွင် အဆီခြောက်ခန်းသောကာလ ဖြစ်ပေသည်။ ထိုအခါ ဆီနိုင်နိုင်ရှိသော အပူစာ ထမနဲကို စားသုံးပါက အသားအရည်စိုပြည်၍ အပူဓာတ်ရရှိနိုင်ကြောင်းကို မဟာနရီကွန်ချာဆေးကျမ်း၊ သဘာဝဓမ္မဆေးကျမ်း၊ သြဇာရိကသုခုမဆေးကျမ်း စသည်တို့တွင် နှီးနွှယ်ဖွင့်ဆိုထားသည်များကို တွေ့ရပေသည်။

ယခင် တပို့တွဲလ ဆောင်းပါးတွင် ယာဂုအမျိုးအစားများကို တိပိဋကအဘိဓာန်အဖွင့်နှင့် အမြွက်မျှ ရှင်းခဲ့ပေပြီ။ မီးဖုံးပွဲနှင့် ယာဂုပွဲသည် တပို့တွဲလ ချမ်းအေးမြသောကာလကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ မြန်မာ့ရာသီဥတုကို အကြောင်းပြု၍ ဆေးကျမ်းများက ယာဂု(ဝါ)ထမနဲသည် ဆီလျော်သော ကိုက်ညီသော အာဟာရဖြစ်ကြောင်းကို လင်းပါးဖွယ်မရှိ ထုတ်ဖော်ကြ၏။ ဤထမနဲထိုးနည်း တေးထပ်မှာ အသုံးချနည်းစနစ်ဆိုင်ရာ သုတစာပေဖြစ်ပါ၏။ လက်တွေ့အသုံးချ၍ စားသုံးနိုင်ပါ၏။

ဘာသာရေးစာပေအနေဖြင့်မူ– တစ်ခါသော် ဗုဒ္ဓဘုရားရှင်သည် နောက်ပါရဟန်းတော်များနှင့်အတူ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ထိုဒေသမှ လူတို့သည် ဆန်၊ ဆီ၊ ဆား စသော လှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်ဆောင်ယူလာကြကာ ဆွမ်းဘောဇဉ်အာဟာရတို့ကို ကပ်လှူပူဇော်ကြကုန်၏။

ထိုစဉ် ပုဏ္ဏားတစ်ဦးသည် အလားတူ ဆွမ်းကပ်လှူဒါန်းလိုသော်လည်း သူ့အလှည့်သို့မကျနိုင်ဖြစ်လေသည်။ အရှင်အာနန္ဒာကို ချဉ်းကပ်၍ ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆက်ကပ်ခွင့်လျှောက်ထားရာ ပုဏ္ဏားဆန္ဒကို ဗုဒ္ဓဘုရားရှင်က ခွင့်ပြုလက်ခံတော်မူကြောင်းကို ဝိနည်းပိဋက မဟာဝါပါဠိတော်၌ လာပေသည်။

လုံးတော်ဆရာတော်၏ ပကိဏ္ဏက ဝိသဇ္ဇနာကျမ်းတွင် အခါတစ်ပါး ဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရ၍ အရှင်အာနန္ဒာအား ယာဂုဆွမ်းခံချေဟု မိန့်တော်မူ၍ မာတုဂါမတစ်ဦးထံ အလှူခံရာ ချင်း(ဂျင်း)စိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသော ယာဂုဆွမ်းကိုကပ်သဖြင့် လေနာငြိမ်းသည်ဟု ဖွင့်ဆိုထားသည်ကို တွေ့ရလေသည်။

ဆိုလိုသည်မှာ ယာဂုသည် ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန် စသည်တို့ပါသော ဆန်ပြုတ်တစ်မျိုးဖြစ်သည်။ ရေကျဲကျဲဆန်ပြုတ်မှသည် ရေနည်းနည်းဖြင့်တွဲကာ ယနေ့ခေတ် ထမနဲအထိသည် ယာဂုတွင် အကျုံးဝင်ပေသည်။ ထို့ကြောင့် ကုန်းဘောင်ဆက် ရာဇဝင်ကြီး၌ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မြို့တော်လေးပြင်လေးရပ် တရုတ်၊ ကုလား မျိုးခြားမှစ၍ တိုင်းသူပြည်သားအားလုံးတို့သည် လူတစ်ယောက် ဆန်တစ်စလယ်ကျ စုဆောင်း၍ ယာဂုကျိုရာ၌ ကောက်ညှင်း၊ ဆန်၊ ဆီ၊ ဆား၊ နှမ်း၊ ချင်းစိမ်း၊ မြေပဲ၊ အုန်းသီး၊ သစ်ကြားသီး စသည်တို့ကို ထည့်ကျိုသည်ဟု မှတ်တမ်းပြုထားသည်ကို တွေ့ရပေသည်။

ထမနဲ(ဝါ)ထမင်းနဲ့ဟူသော ဝေါဟာရသည်(ကောက်ညှင်း)ထမင်းကို နဲ့ခြင်းဟူသော အသုံးအနှုန်းမှ ဖြစ်ပေါ်လာပေသည်။ အချို့ကလည်း နှမ်းကိုကဲ၍ ထည့်ခြင်းကြောင့် နှမ်းမနဲဟုခေါ်ကြောင်း ဆိုကြ၏။ ပညတ်သာခြား ဓာတ်မပြားပင် ဖြစ်ပေသည်။

မြန်မာ့ရိုးရာအရ ထမနဲပွဲများကို မြန်မာပြည်အနှံ့ ဘာသာရေးအသင်းအဖွဲ့များ အစိုးရဌာနဆိုင်ရာများ အခြားသော အသင်းအဖွဲ့များသည် အစဉ်အဆက် ကျင်းပလာခဲ့ကြလေသည်။ ရွှေတိဂုံစေတီတော်တွင် ကျင်းပသော ထမနဲပွဲသည် နှစ်ပေါင်းရာချီ၍ ရှိခဲ့ပေပြီ။ ယခင်က ရွှေတိဂုံစေတီတော်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော အသင်းအဖွဲ့များက ဦးစီး၍ ကျင်းပခဲ့ကြသည်။ နောင်သော် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပလာရာ ယခုနှစ်ဆိုလျှင် (၁၆) ကြိမ်မြောက်ရှိပေပြီ။ ဝန်ထမ်းအားလုံး တပျော်တပါးရှိကြကာ စည်ကားလှပေသည်။ ဌာနများအလိုက် ထမနဲထိုးကြရာ ပ၊ ဒု၊ တ နှင့် နှစ်သိမ့်ဆုရကြသည့် အဖွဲ့များကို ဂေါပကမှ ဆုချီးမြှင့်လေသည်။

တပို့တွဲလ၏ အခြားပွဲတော်မှာ မီးဖုံးပွဲနှင့် သြဝါဒပါတိမောက် အခါတော်နေ့ ဖြစ်ပေသည်။ ဤသည်ကိုလည်း ရှေးစာဆိုကြီးများက ရေးဖွဲ့ခဲ့ကြသည်။

**တပို့တွဲနှင့် ထမနဲပွဲသည် ဆက်စပ်မှုရှိသလို မီးဖုံးပွဲနှင့် ချမ်းအေးသောကာလကို အကြောင်းပြု ဆက်စပ်သော စာအလင်္ကာများသည်လည်း ပေါ်ပေါက်လာပေသည်။ ထိုစာအလင်္ကာများအနက် လွမ်းချင်း (ခေါ်) လွှင့်သံ စာပေသည် ပို၍များသလို ပို၍စာသားများပြောင်မြောက်ကြသည်ဟု ဆိုချင်ပါသည်**

**သာစွလေ–နေလည်းချမ်းမြ၊ လလည်းနှင်းရီ၊ ပီပီမထွန်း၊ တောင်ထက်ဝန်းလည်း၊ ဆူးပန်း, လဲ, ပေါက်၊ ဝင်းဝင်းတောက်လျက်၊ ကမ်းလျှောက်ရေးရေး၊ သဲဖြူဖွေးနှင့်၊ ငှက်ကျေးပျံကြွ၊ ကောင်းကင်လဝယ်၊ မာဃယှဉ်မှီ၊ ကုံရာသီဟု၊ အညီခေါ်မြဲ၊ တပို့တွဲမူ၊ မဖွဲ့မိုးလေ၊ သုံးလူ့ဆွေလျက်၊ လေးထွေအင်စုံ၊ ကြိုက်ကြုံအဟုတ်၊ ပါတိမုတ်ကို၊ ဖော်ထုတ်စီစစ်၊ ပြမြဲဖြစ်၍၊ ရပ်ရှစ်မျက်နှာ၊ သံဃာတို့အား၊ ဆယ်ပါးဝတ္ထု၊ ယာဂု,အဖျော်၊ ပူဇော်ရှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးဖုံးသဘင်၊ လှူကြီးရင်သည်၊ ရောက်ချင်နိဗ္ဗာန်ကျွန်းတည့်လေး..၊ ပွင့်လင်းစည်သည်..ရွှေပြည်ရွှေဝ နန်းတည့်လေး…။ ။**

ဤစာမှာ ဆည်သည်ရွာစား ဦးအောင်ကြီး၏ **လူးတား** စာအလင်္ကာ ဖြစ်ပေသည်။ တပို့တွဲလ နက္ခတ်တာရာဆိုင်ရာနှင့် ရာသီပန်းမာလ်များ၊ သြဝါဒပါတိမောက်ပြမှု၊ မီးဖုံးပွဲနှင့် ယာဂုထမနဲပွဲကို ပေါ်လွင်အောင် ရေးဖွဲ့ထားခြင်းဖြစ်သည်။ အသိခက်ခဲသော ဝေါဟာရ အသုံးအနှုန်းများ မပါရှိပေ။

အောက်ပါစာမှာမူ အင်းဝခေတ် နာမည်ကျော် ရှင်ဥတ္တမကျော်၏ "လ"ကိုးလုံးအချဖြင့် ထင်ရှားခဲ့သော **တောလားကိုးပိုဒ်**ထဲမှ တပို့တွဲလ၏ သဘာဝပတ်ဝန်းကျင်ကို ရေးဖွဲ့ထားသောစာပေဖြစ်ပေသည်။

**…ကုမ်တြင်းသိဟ်၊ နဝင်းအိမ်မှာ၊ ရွှေချိန်တာရာ၊ သံကောက်မာနှင့်၊ ရတနာစုံ၊ စန်းနိတုံလည်း၊ ဘုံဝေရမ္ဘ၊ ယုဂန်ဝက၊ ပပထွန်းလျှံ၊ တည့်မွန်းမှန်သော်၊ ရေလျှံသမုဒ်၊ ပုဇွန်တုပ်လည်း၊ လှိုင်းပုတ်မခံ၊ ကျောက်နန်းစံခဲ့…။ ။**

ဤတောလားစာအလင်္ကာတွင် နေ၊ လ၊ နက္ခတ်တာရာ၊ ရာသီစက်(သိဟ်ရာသီ) နဝင်းစက်၊ ဒီရေအတက်အကျ၊ နက္ခတ်တာရာပုံသဏ္ဌာန်၊ ရေနေ၊ကုန်းနေ သတ္တဝါတို့၏သဘာဝအလေ့အထ၊ တောတောင်ရေမြေ ပန်းမာလ် စသည်တို့ကို ရေးဖွဲ့ထားသော အကြောင်းအရာထဲမှ တစ်ပိုဒ်မျှ ဖြစ်ပေသည်။ အသိရခက်သည်။ နက်နဲသည်။ သိမ်မွေ့သည်။

**"လ"**ကိုးလုံးချ တောလားမှာ မြန်မာစာ မြန်မာမှုကို လေးလေးနက်နက်သိပါမှ ရေးရေးပေါ်နိုင်သော စာအလင်္ကာဖြစ်ပါသည်။ ရှေးစာဆိုကြီးများသည် လရာသီအဖွဲ့များကို ထီးသုံး၊ နန်းသုံး၊ ပညာရှင်သုံး ရေးဖွဲ့ခဲ့ကြသလို အရပ်သုံး၊ ဇာတ်သုံး၊ ကျေးလက်စကားဖြင့်လည်း ရေးဖွဲ့ခဲ့ကြသည်များ ရှိပေသည်။ အောက်တွင်ဖော်ပြသည့် ဆောင်းဘွဲ့နှင့် တပို့တွဲလဘွဲ့မှာ အများနားလည်သော လွမ်းချင်း စာအလင်္ကာများ ဖြစ်ပါသည်။

တပို့တွဲနှင့် ထမနဲပွဲသည် ဆက်စပ်မှုရှိသလို မီးဖုံးပွဲနှင့် ချမ်းအေးသောကာလကို အကြောင်းပြု ဆက်စပ်သော စာအလင်္ကာများသည်လည်း ပေါ်ပေါက်လာပေသည်။ ထိုစာအလင်္ကာများအနက် လွမ်းချင်း (ခေါ်) လွှင့်သံစာပေသည် ပို၍များသလို ပို၍ စာသားများပြောင်မြောက်ကြသည်ဟု ဆိုချင်ပါသည်။ ချမ်းအေးသောအခါ ချစ်သူ ခင်သူ မြတ်နိုးသူ မရှိသူများအတွက် လွမ်းစရာဖြစ်ထွေကို ရေးဖွဲ့ကြရာ ကွမ်းရေတော်ကိုင် မောင်မောင်တိုး ရေးစပ်သည့် ဆောင်းဘွဲ့တေးထပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**မစုံသူ ပန်းရှာရအောင်လို့ ဆန်းကာလ ရွှေဉာဏ်…ချမ်းပါ… ဟေမန်ဝယ်… လေပြန် လှုံ့ဆော်ခဲ့၊ ဆွေတင်တင့် ပွေ့အင်ကြုံသည်၊ ရွှေရင်အုံ့ အေးလှချေ့ငဲ့။ တရေးမှ မေးစက်မပျော်နိုင်၊ နွေးဖက်နော်ပြုဘဲ့…ထွေးဖက်တော်မူလှဲ့ပ သူဇာဘွဲ့ နန်းငုံ၊ နှစ်သွယ်ပြိုင်ခိုင်ဖြူစွ… ဆိုင်သူက ဝေးတဲ့ခါကြုံ… လှိုင်ကြူကြွ ဂန္ဓာရုံမှာ… ပန်းညှာငုံ ပွေ့စိတ်နှင့်၊ ရွှေဖိတ်ညွှန့်နန်းသုံးကမ္ဗလာ လွမ်းခြုံမှသာ၊ လုံနိုင်ဘူး ကေမှူးညာမှာ… ရွှေဖူးစာ ကံနဲလို့လေး…။ ။**

ဟု ရေးဖွဲ့ထားလေသည်။ ဤတေးထပ်ကို အလင်္ကာကျော်စွာရွာစားကြီး စိန်ဘမောင်၏ အတီးနှင့် ဆိုင်းနောက်ထ ဦးစပယ်ရှယ်၊ အဆိုတော်ကြီး ခင်ခင်ညွန့်တို့ ဆိုထားချက်မှာ အလွန်ရသမြောက်လှရာ ဆောင်းဘွဲ့ စာအလင်္ကာရသ ရေးဖွဲ့ခဲ့သော စာဆို ကွမ်းရေတော်ကိုင် မောင်မောင်တိုးတို့ကိုပါ လေးစားဦးညွှတ်ရပါ၏။ ဆရာမြဝင်း(ဒဿန) ကမူ ထိုတေးထပ်ဆောင်းဘွဲ့စာအလင်္ကာကို ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် ထိထိခိုက်ခိုက် ခံစားရသည့် စာပေဂီတအလင်္ကာဖြစ်ကြောင်း ဂုဏ်ပြုညွှန်းဆိုထားသည်ကို တွေ့ရပါသည်။

ထိုကဲ့သို့ လွမ်းချင်းများသည် ယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိကြောင်း ဆရာမြဝင်း(ဒဿန)၏အာဘော်ကို ခြေရာခံသောအခါ မြန်မာစာပေတွင် လွမ်းချင်း(ခေါ်)လွှင့်သံ ရေးစပ်ခဲ့သော စာဆိုများကို သတိထားမိပြန်ပါသည်။ မဟာအတုလမင်းကြီး(ရာသီဘွဲ့များ)၊ ဦးသာ၊ ဦးကြင်ဥ၊ ဖိုးသူတော်ဦးမင်း၊ စလေဦးပုည၊ လှိုင်ထိပ်ခေါင်တင်၊ ဦးကြော့၊ ဝေါမှူးကြီးဦးခြို၊ အချုပ်တန်းဆရာဖေ၊ သာဝတ္ထိဦးကြီး၊ ဦးဆောင်း၊ ဝန်စာရေးဦးကြီး၊ ဆတိုင်မွတ်ဦးကူး၊ ဖိုးဝဇီရ၊ မြို့စာရေးဦးဘာ၊ မော်လမြိုင်ဆရာယော၊ ဝန်စာရေး ဦးရွှေတောင်၊ ဦးဘိုးအို၊ ဆရာမွန်း၊ ဦးထူး စသည်ဖြင့် စာဆိုပုဂ္ဂိုလ်များကို တွေ့ရလေသည်။

လွမ်းချင်းစာဆိုပုဂ္ဂိုလ်များအနက် ဆယ့်နှစ်လရာသီဘွဲ့ ရေးစပ်သော မဟာအတုလမင်းကြီးနှင့် လှိုင်ထိပ်ခေါင်တင်တို့မှာ ပို၍ထင်ရှားလှပါ၏။

လွမ်းချင်းသဘောမှာ တောတောင်ရေမြေ၊ ရာသီဥတု သဘာဝပတ်ဝန်းကျင်ကို အခြေခံဖွဲ့ဆိုသော အကြောင်းအရာဖြစ်ရမည်။ အပိုဒ်နှစ်ပိုဒ် ပါရမည်။ နှစ်ပိုဒ်လုံးတွင် "လေး…" စကားလုံးဖြင့် ဆုံးရမည်။ လွမ်းဆွတ်သံဖြင့် တမ်းတညည်းဟစ်၍(လွှင့်၍) ဆိုရမည်။ ထို့ကြောင့် လွမ်းချင်းဟုခေါ်ကြောင်း ဇေလုဝဆရာတင်က ဂီတာလင်္ကာရဒီပနီတွင် ဖွင့်ဆိုထားလေသည်။ ဖော်ပြမည့် လွမ်းချင်းမှာ မဟာအတုလမင်းကြီး၏ တပို့တွဲလလွမ်းချင်း ဖြစ်ပါသည်။

**ညံလို့သာ သဲတော့တယ်…. ပေါက်လဲငယ်ဖွင့်ရုံ၊ ထိန်ထိန်ငယ် လျှံသည်…ဆက်ရက်သံစာစာနှင့် ငှက်ညီလာ ကျင်းတဲ့လကိုလေး…။**

**ကုမ်ဟေမန်ငယ်…၊ ဆင်ကြန်သွင်းမြဲ၊ တပို့တွဲမို့၊ မင်းပွဲရှင်ပျော်၊ ယာဂုတော်နှင့်၊ ကြွေးကြော်ပြင်ဆင်၊ လွမ်းဖို့သာယင်တော့တယ်… ကောင်းကင်မြင့် တိမ်ဆီမှာ၊ ကြယ်မာဃီ ရောင်စုံကျင်းလို့ လင်းလှတယ်လေး…။**

ဤလွမ်းချင်းတွင် စာဆိုမယ်ခွေ၏ ဆယ့်နှစ်လရာသီဖွဲ့ အဲချင်းများမှာကဲ့သို့ အသိခက်သော၊ လျှို့ဝှက်သော၊ ပဟေဠိဆန်သော စကားအသုံးဝေါဟာရ ပေါ်ရာဏစသည်များ မပါဝင်ပေ။ ရိုးရိုးပင် ရေးဖွဲ့ထားရာ ရိုးဂုဏ်၊ ပွင့်လင်းဂုဏ်၊ အရပ်စကား၊ ကျေးလက်စကားသံများဖြင့် မွမ်းထုံ၍ ရာသီကုမ် တပို့တွဲကို ဖော်ပြထားပေသည်။

လွမ်းချင်း (ခေါ်) လွှင့်သံများမှာ အခြားသော ပျို့၊ ရတု၊ ရကန်၊ ဧချင်း၊ အဲချင်း၊ မော်ကွန်း စသည်တို့ကဲ့သို့ များများစားစား မရှိလှပေ။ ကျေးလက်သဘာဝကို အခြေခံသော အရပ်သားအမြင်ကို ရေးဖွဲ့သော အကြောင်းအရာက များပေသည်။

ဤသည်ကို ဆရာကြီး ဒေါက်တာခင်အေး(မောင်ခင်မင်–ဓနုဖြူ) (မြန်မာစာ ပါမောက္ခ–ငြိမ်း)၊ ဆရာကြီးဦးအောင်သောင်း(မြန်မာစာ ပါမောက္ခ–ငြိမ်း)နှင့် ဒေါက်တာအောင်ဇော် (မြန်မာစာပါမောက္ခ–ငြိမ်း) တို့၏ စေ့ဆော်တိုက်တွန်း အမှာစာရေးသားချီးမြှင့်မှုဖြင့် အလွမ်းဓာတ်ခံရှိဟန်တူသော ကိုရွှေသိမ်းမင်းက "ပန်းရွှေပြည် ရေးကဗျာစုအမှတ်–၅" ကို လွမ်းချင်း (ခေါ်) လွှင့်သံ ပေါင်းချုပ် ထုတ်ဝေထားသော စာစုမှ တပို့တွဲလလွမ်းချင်း စာအလင်္ကာကို ဖော်ပြလိုက်ပါသည်။ ဤကဲ့သို့သော မြန်မာမှု ဘုစုခရု စာပေအလင်္ကာစုများကို ထိန်းသိမ်းနိုင်ကြပါစေ။ ပြန့်ပွားအောင်ပြုလုပ်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ အလွမ်းဓာတ်ခံပါရမီ ပြည့်ညီကြသူများ ခံစားနိုင်ကြပါစေဟု နိဂုံးချုပ်ပါ၏။ ။

# မန္တလေးတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား မြို့တော်ခန်းမ၌ကျင်းပ

**မန္တလေး မတ် ၈**

၂၀၂၄ ခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံက ၁၉၉၇ ခုနှစ်တွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အလေးအနက်ထားအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ် များစွာလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသည့်အမျိုးသမီးများသည် နိုင်ငံအတွက် အလွန်အဖိုးတန်သည့် လူသားအရင်းအမြစ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်က အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ ကဏ္ဍစုံတွင်အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူပါဝင်ခွင့်ရရှိရေးတို့အတွက် နိုင်ငံတကာ၊ အာဆီယံနှင့် နိုင်ငံအဆင့် လုပ်ငန်းစဉ်မူဝါဒများနှင့်အညီ အမျိုးသမီးကဏ္ဍကို ကျယ်ပြန့်စွာ ဆောင်ရွက်နေပါကြောင်း၊ ကျေးလက်မြို့ပြ ကွာဟချက်နည်းပြီး ကဏ္ဍစုံတွင် အမျိုးသမီးများ၏စွမ်းရည်ကို အသုံးချနိုင်ရန်နှင့် ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဆောင်ပုဒ်ဖြစ်သည့် "အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး" ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်(UN Message Video Clip)နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သမိုင်းမှတ်တိုင်များ (Video Clip)ပြသမှုများ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ ပြည်လုံးချမ်းသာပရဟိတဂေဟာနှင့် ဇရိပ်မွန်အမျိုးသမီးကလေးများကျောင်းတို့မှ ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းအရည်အသွေးမြှင့်တင်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၈**

ပညာရေးဝန်ကြီးဌာန၊ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စီမံကိန်းဆိုင်ရာ လုပ်ငန်းအရည်အသွေးမြှင့်တင်ရေး သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းနည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။



**ရှင်းလင်းပို့ချ**

ဦးစွာ ဒုတိယဝန်ကြီးက သင်တန်းသို့ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပူးပေါင်းတာဝန်ထမ်းဆောင်လျက်ရှိကြသော ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ သင်တန်းသားဦးရေ ၉၀ တက်ရောက်ကြကြောင်း၊ သင်တန်းပထမရက်တွင် NLP / AI နည်းပညာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပါမောက္ခချုပ် ဒေါက်တာဝင်းပပက ကွန်ပျူတာဘာသာစကားလုပ်ငန်းစဉ် ဖြစ်သော NLP နည်းပညာများကို ရှင်းလင်းပို့ချ၍ သင်တန်းဒုတိယရက်တွင် စီမံကိန်းဒါရိုက်တာနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက ဉာဏ်ရည်တု (AI) နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး သင်တန်းတတိယရက်တွင် ဘာသာဗေဒလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဘာသာဗေဒသဘောတရားနှင့် စီမံကိန်းလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပို့ချသဖြင့် စီမံကိန်းတာဝန်ထမ်းဆောင်မည့်သူများအနေဖြင့် စီမံကိန်းလုပ်ငန်းစဉ်ကို ပိုမိုသိရှိနားလည်ကာ လုပ်ငန်းခွင်အရည်အသွေး ပိုမိုတိုးတက် လာစေသောကြောင့် မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုလက်ဆောင်ပေးအပ်**

ဆက်လက်၍ စီမံကိန်း ဒါရိုက်တာ ဒေါက်တာတင်ဘုန်းကျော်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးက မြန်မာစာအဖွဲ့ဝင်ဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းနည်းပြ ဆရာကြီး၊ ဆရာမကြီးများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၈**

"အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအနေဖြင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ မျှော်မှန်းချက်ဖြစ်သော Myanmar is A Drug Free Society and Healthy Nation" "ကျန်းမာကြံ့ခိုင်၍ မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာစေရန်" ရည်ရွယ်၍ (၂၂)ကြိမ်မြောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်မဏ္ဍာရုံခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဗဟိုဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဗိုလ်မှူးကြီး စိုးဝင်း(ငြိမ်း)၊ ရဲချုပ်(ငြိမ်း)က အမှာစကား ပြောကြားပြီး MANA Project တာဝန်ခံများ ဖြစ်ကြသော ဒေါက်တာနယ်နီသိန်းနှင့် ဒေါက်တာလှအောင်တို့က Project ဆောင်ရွက်ချက်များ တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ၂၀၂၃ ခုနှစ် လုပ်ငန်းအစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်း၊ စာရင်းစစ် အစီရင်ခံစာနှင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြပြီး တံလျှပ် သုတရသ သတင်းဂျာနယ်ကော်မတီဥက္ကဋ္ဌ ရဲမှူးကြီး သိန်းကြည် (ငြိမ်း) က ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုပါ အသိပညာပေး တံလျှပ်ဂျာနယ်များကို ပြည်သူလူထုထံသို့ ဆက်လက်ဖြန့်ဖြူးရောင်းချပေးကြရန်နှင့် လုပ်ငန်းစီမံချက်များအပေါ် ဆွေးနွေးသုံးသပ်တင်ပြကြကာ ဗဟိုကော်မတီအစည်းအဝေးက ချမှတ်လိုက်သော ရှေ့လုပ်ငန်းစဉ် (၁၀) ရပ်ကို ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပဝဒ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လူရွေးပွဲနှင့် ကြံ့ခိုင်မှုစစ်ဆေးပြီးပါက မြန်မာ ယူ-၁၆ အမျိုးသားအသင်းဖွဲ့စည်းမည်

**ရန်ကုန် မတ် ၈**

ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အမျိုးသား လူငယ်လက်ရွေးစင်အသင်း ဖွဲ့စည်းရန် လူရွေးပွဲနှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၆ အမျိုးသား လူငယ်လက်ရွေးစင် အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မီတမီချီတယုကို ခန့်အပ်ထားပြီး ကစားသမားများ ရွေးချယ်ရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။ လူရွေးပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ထားသည့် အကယ်ဒမီကျောင်းများမှ ကစားသမားများ၊ FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြသူများ ဝင်ရောက် ရွေးချယ်ခံခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းဖွဲ့စည်းရန် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ပထမအကြိမ်လူရွေးပွဲ၊ မတ်လပထမပတ်တွင် ဒုတိယအကြိမ် လူရွေးပွဲများပြုလုပ်ခဲ့ပြီး နောက် မတ် ၆ ရက်တွင် PCMA (Pre – Competition Medical Assessment) ဆေးစစ်ခြင်းပြုလုပ်ခဲ့သည်။ ထို့ပြင် မတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ကြံ့ခိုင်မှုစစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး ဒုတိယအကြိမ် ကြံ့ခိုင်မှုစစ်ဆေးပြီးမှသာ ပဏာမ လူစာရင်းထုတ်ပြန်ကာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ လူရွေးပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တည်ထောင်ထားသည့်အကယ်ဒမီကျောင်းများမှ ကစားသမားများ၊ FIFA-MFF ယူ-၁၅ လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြသူများ ဝင်ရောက် ရွေးချယ်ခံခြင်းဖြစ်သည်။



မြန်မာ ယူ-၁၆ အမျိုးသား လူငယ်လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

# ဘားအံမြို့၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**ဘားအံ မတ် ၈**

အမျိုးသမီးများ၏ အခွင့်အရေးများ၊ စွမ်းဆောင်နိုင်မှုများ၊ လူသားအကျိုးပြုမှုများကို အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးထုကြီး၏ အင်အားနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသမီးကဏ္ဍကို မြှင့်တင်ပေးမည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းယန္တရားများ အားကောင်းစေရန် လိုအပ်မည်ဖြစ်သည့်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အမျိုးသမီးကော်မတီများမှ သက်ဆိုင်ရာကော်မတီဝင်ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်းချိတ်ဆက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာလူ့အဖွဲ့အစည်းတွင် အဓိကအင်အားစုကြီး တစ်ခုဖြစ်သော မြန်မာအမျိုးသမီးများသည် ကဏ္ဍစုံတွင် အမျိုးသားများနှင့်တန်းတူပါဝင်ဆောင်ရွက်နေကြပြီး တွေ့ကြုံနေကြသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှား၍ အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တက်ရောက်လာသူများသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သောသဝဏ်လွှာ video Clip နှင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် video Clip တို့ကို အတူတကွ ကြည့်ရှုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံတော်မှ အားကစားကို အထူးအားပေးနေသည့် အချိန်အခါကောင်းဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ကြိုးစားလေ့ကျင့်



**ရန်ကုန် မတ် ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းလျားလမ်းရှိ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်မှ အားကစားကို အထူးအားပေးနေသည့် အချိန်အခါကောင်းဖြစ်သည့်အတွက် အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ကြိုးစားလေ့ကျင့်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့ချုပ်များအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့၌ နွေရာသီသင်တန်းများ ဖွင့်လှစ်လေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားရုံသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စခန်းသွင်းလေ့ကျင့်နေမှုများ၊ လူရွေးချယ်ရေးကိစ္စရပ်များ၊ နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် ကိစ္စရပ်များကို ဆွေးနွေး၍ အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစား ပြိုင်ဝင်းသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အားကစားနည်းအလိုက် တိုးတက်ပြန့်ပွားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျိုက္ကဆံဝင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)သို့ ရောက်ရှိပြီး ရေကူးကန်၊ GYM ခန်းနှင့် ကရာတေးလေ့ကျင့်ရေးရုံတို့ကို ကြည့်ရှုစစ်ဆေးကာ အားကစားနည်းအလိုက် GYM ခန်း အသုံးပြုမှုအခြေအနေနှင့် ပြုပြင်ထိန်းသိမ်းမှုများကို စနစ်တကျ ဆောင်ရွက်ရန် မှာကြား၍ သိပ္ပံဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုခန်းမ၌ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အမျိုးသား/အမျိုးသမီး အိပ်ဆောင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး နည်းပြ / နည်းစနစ်မှူးများနှင့် Grade-12 စာမေးပွဲဖြေဆိုမည့် သင်တန်းသား/သင်တန်းသူများကို အားပေးစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ ရောက်ရှိပြီး အားကစားကွင်း/အားကစားရုံ ဌာနခွဲမှ အရာထမ်း/အမှုထမ်းများနှင့် လည်းကောင်း၊ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းအခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ခရီးစဉ်သစ်များဖြစ်သည့် ထိုင်းနိုင်ငံ ချင်းမိုင်သို့ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တိုင်း လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ၂၀၂၄ ခုနှစ် မေ ၄ ရက်မှစ၍ အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့တိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ၂၀၂၄ ခုနှစ် မေ ၈ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေနေ့တိုင်းနှင့် UAE နိုင်ငံ ဒိုဟာမြို့သို့ ၂၀၂၄ ခုနှစ် ဇွန် ၁ ရက်မှစ၍ အပတ်စဉ် အင်္ဂါနှင့် စနေနေ့တိုင်း အသီးသီးပြေးဆွဲပေးသွားမည်ဖြစ်ကာ ဒူဘိုင်း၊ ကွမ်ကျိုးနှင့် ထိုင်းနိုင်ငံ ဘန်ကောက် ဒွန်မောင်းလေဆိပ်များသို့ အကြိမ်ရေ ထပ်တိုးပြေးဆွဲသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ခရီးသည်တွေနဲ့ မိတ်ဖက်များထံမှ မယိမ်းယိုင်သွားသောယုံကြည်မှုများနဲ့ ပံ့ပိုးမှုများကြောင့် ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ လေကြောင်းဆက်သွယ်မှုများကို ဆက်လက်ပေးစွမ်းနိုင်မှာဖြစ်ပါတယ်" MAI ၏ acting Chief Executive Officer and Chief Commercial Officer Mr. Tanes Kumar က ပြောသည်။

**ခရီးစဉ်အသစ်များ ပြေးဆွဲပေးမည်**

ဆက်လက်၍ ကုန်စည်သီးသန့်သယ်ယူပို့ဆောင်ရေးခရီးစဉ်များကို ရန်ကုန်မှ ကူမင်းသို့ (နေ့စဉ်)၊ ဘန်ကောက်သို့ (တစ်ပတ်လျှင် ခြောက်ကြိမ်)နှင့် ဖူးခက်သို့ အပတ်စဉ် တနင်္လာနေ့တိုင်း ပြေးဆွဲလျက်ရှိသည်။ ထို့အပြင် ပြည်တွင်းခရီးစဉ်များဖြစ်သည့် လားရှိုး၊ လွိုင်ကော်၊ နေပြည်တော်၊ ကလေးနှင့် ခန္တီးသို့ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး ဟုမ္မလင်းနှင့် မော်လမြိုင်သို့လည်း အသစ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် ပြည်ပခရီးစဉ် ၂၁ ခုနှင့် ပြည်တွင်းခရီးစဉ် ၂၀ ကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

❍ *ကျောဖုံးမှ*

MIU အသင်းသည် ပထမပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး အနိုင်ဂိုးများကို နှစ်မိနစ်တွင် ကျော်ကျော်ထွန်း၊ ကိုးမိနစ်တွင် ဇော်ဝင်းဖြိုး၊ ၁၀ မိနစ်တွင် အမ်ပိုလ်နှင့် ၁၁ မိနစ်တွင် မျိုးသက်အောင်တို့က သွင်းယူခဲ့သည်။ MIU အသင်းသည် ယခုရာသီ ပထမအကျော့နှင့် ဒုတိယအကျော့တွေ့ဆုံရာတွင် Generations အသင်းကို နှစ်ကျော့စလုံး အရေးနိမ့်သော်လည်း Play-off ဆီမီး ဖိုင်နယ် ပြန်လည်တွေ့ဆုံရာတွင် ရှုံးကြွေးပြန်ဆပ်ပြီး အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဗိုလ်လုပွဲအဖြစ် VUC အသင်းနှင့် MIU အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပထမပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ပထမဆုံးပွဲတွင် VUC အသင်း အနိုင်ရပါက နောက်ပွဲထပ်ကစားရန် မလိုဘဲ ချန်ပီယံဆုရယူနိုင်မည်ဖြစ်ပြီး MIU အသင်း အနိုင်ရပါက နောက်ပွဲ ထပ်မံကစားရမည်ဖြစ်သည်။ နောက်ပွဲထပ်ကစားရပါက မတ် ၁၃ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

❖ *ကျောဖုံးမှ*

အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို အသင်းကစားသမားများ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိသည့်အတွက် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ စပါတာပရာ့ဂ်နှင့် လီဗာပူးအသင်းတို့၏ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်ကို လာမည့် မတ် ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှ အခြားသော ပွဲစဉ်ရလဒ်များတွင် ရိုးမားက ဘရိုက်တန်ကို လေးဂိုး-ဂိုးမရှိ၊ မာဆေးလ်က ဗီလာရီးရဲကို လေးဂိုး-ဂိုးမရှိ၊ ဖရိုင်းဘတ်က ဝက်စ်ဟမ်းကို တစ်ဂိုး-ဂိုးမရှိ၊ အေစီမီလန်က စလာဗီးယားပရာ့ဂ်ကို လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ကာရာဘတ်နှင့် လေဗာကူဆင်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သလို ဘင်ဖီကာနှင့် ရိန်းဂျားအသင်းပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၈**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီဆဲလ်စီးယပ်နှင့် ဆင်ဖြူကျွန်းမြို့၊ ပြည်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ၄၀ ဒီဂရီဆဲလ်စီးယပ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

ယခုတစ်ပတ် ပရီမီယာလိဂ် ပွဲစဉ် (၂၈) မှာ အမှတ်ပေးဇယား အဆင့် (၁) နဲ့ (၂) က လီဗာပူးနဲ့ မန်စီးတီးအသင်းထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ် အပြင် အဆင့် (၄) နဲ့ (၅) က အက်စ်တွန်ဗီလာနဲ့ စပါးအသင်းတို့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ် ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရေး ပြိုင်ဆိုင်မှုပြင်းထန်လာဦးမယ့် လီဗာပူးနဲ့ မန်စီးတီး

| ပရီမီယာလိဂ် ပွဲစဉ် (၂၈) | |
|---|---|
| ၈-၃-၂၀၂၆ | စနေနေ့ |
| မန်ယူ - အဲဗာတန် | ည ၇း၃၀ |
| ဘုန်းမောက် - ရှက်ဖီးလ် | ည ၉း၃၀ |
| ပဲလေ့စ် - လူတန် | ည ၉း၃၀ |
| ဝုဖ် - ဖူလ်ဟမ် | ည ၉း၃၀ |
| အာဆင်နယ် - ဘရန့်ဖို့ဒ် | နံနက် ၀၀း၀၀ |
| ၁၀-၃-၂၀၂၆ | တနင်္ဂနွေနေ့ |
| ဗီလာ - စပါး | ည ၇း၃၀ |
| ဘရိုက်တန် - နော်တင်ဟမ် | ည ၈း၃၀ |
| ဝက်စ်ဟမ်း - ဘန်လေ | ည ၈း၃၀ |
| လီဗာပူး - မန်စီးတီး | ည ၁၀း၁၅ |
| ၁၁-၃-၂၀၂၆ | တနင်္လာနေ့ |
| ချယ်ဆီး - ကာဆယ် | နံနက် ၂း၃၀ |

## အက်စ်တွန်ဗီလာ Vs စပါး

ပထမအကျော့ရလဒ် စပါး ၁-၂ ဗီလာ

အမှတ်ပေးဇယားရပ်တည်မှုအရ ဒီပွဲစဉ်က နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်တာကြောင့် ယခင်ပွဲစဉ်တွေကထက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်းကြား ခြေစွမ်းကွာဟမှု ကြီးကြီးမားမား မရှိဘူး။ ဒါပေမယ့် ဗီလာက ဒီရာသီမှာ အိမ်ကွင်းစွမ်းဆောင်ရည် ကောင်းမွန်ပြီး ပြိုင်ဘက်စပါးက ဒီရာသီ အဝေးကွင်းစွမ်းဆောင်ရည် ကောင်းမွန်မှုမရှိဘူး။ မည်သို့ပင်ဆိုစေ စပါးက ပထမအကျော့ရလဒ်အရလည်းကောင်း၊ အမှတ်ပေးဇယားရပ်တည်မှုအရလည်းကောင်း ဗီလာကို မဖြစ်မနေနိုင်ပွဲရဖို့လိုအပ်တယ်။ ဗီလာထက် စပါးအသင်း နိုင်ဖွယ်ရာရှိတယ်။

## မန်ယူ Vs အဲဗာတန်

ပထမအကျော့ရလဒ် အဲဗာတန် ၀-၃ မန်ယူ

မန်ယူရဲ့ ခြေစွမ်းက ပုံမှန်မရှိဘူး။ အတက်အကျမြန်တယ်။ ပြိုင်ဘက် အဲဗာတန်အသင်းကလည်း နောက်ဆုံးငါးပွဲမှာ နိုင်ပွဲပျောက်ဆုံးထားတယ်။ မန်ယူအသင်းက ပြိုင်ပွဲပြီးဆုံးဖို့ နီးကပ်လာလေလေ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ ဝေးလာလေလေ ဖြစ်တာကြောင့် ဒီပွဲစဉ်က မဖြစ်မနေ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ အဲဗာတန်အသင်းထက် မန်ယူ ရလဒ်ကောင်း ရရှိနိုင်တယ်။

## အာဆင်နယ် Vs ဘရန့်ဖို့ဒ်

ပထမအကျော့ရလဒ် ဘရန့်ဖို့ဒ် ၀-၁ အာဆင်နယ်

လီဗာပူးနဲ့ မန်စီးတီးထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူကာ ဘရန့်ဖို့ဒ်ကို အာဆင်နယ်အသင်း နိုင်ပွဲရယူဖို့ လိုအပ်နေတယ်။ အာဆင်နယ်အသင်းက နောက်ဆုံး ပရီမီယာလိဂ် ငါးပွဲမှာ ပြိုင်ဘက်တိုင်းကို ဂိုးပြတ်တွေချည်း နိုင်ပွဲရယူထားနိုင်တာကြောင့် ခြေစွမ်းအကောင်းဆုံးပုံစံမှာရှိနေတယ်။ ဘရန့်ဖို့ဒ်က ခြေစွမ်းသာမန်သာရှိတာကြောင့် အာဆင်နယ် နိုင်ပွဲရဖွယ်ရှိတယ်။

## လီဗာပူး Vs မန်စီးတီး

ပထမအကျော့ရလဒ် မန်စီးတီး ၁-၁ လီဗာပူး

ဒီရာသီ ပရီမီယာလိဂ်မှာ တိုက်စစ်နဲ့ ခံစစ် စွမ်းဆောင်ရည် အကောင်းဆုံးအသင်းထဲ ပါဝင်နေပြီး နိုင်ပွဲရယူနိုင်တဲ့အသင်းက အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရှိမှာဖြစ်လို့ ယခင်ပွဲစဉ်တွေကထက် ပြိုင်ပွဲမှာပြင်းထန်ပြီး အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ မန်စီးတီး နိုင်ဖွယ်ရာရှိပေမယ့် မထင်မှတ်ဘဲ သရေလည်း ကျသွားနိုင်တယ်။

## ဝက်စ်ဟမ်း Vs ဘန်လေ

ပထမအကျော့ရလဒ် ဘန်လေ ၁-၂ ဝက်စ်ဟမ်း

ဘန်လေအသင်းက နောက်ဆုံးလေးပွဲဆက်ရှုံးနိမ့်မှုနဲ့အတူ တန်းဆင်းရဖို့ တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်တယ်။ ဝက်စ်ဟမ်းက ဥရောပဝင်ခွင့်တစ်နေရာမျှော်လင့်နေတဲ့အသင်းဖြစ်တာကြောင့် ဘန်လေကို အနိုင်ရဖို့ ခြေကုန်ထုတ်လာမှာပါ။ ဒီပွဲစဉ်မှာသာ ရှုံးနိမ့်ရင် ဘန်လေအသင်းရဲ့ ပရီမီယာလိဂ်တင်ကျန်ရေးမျှော်လင့်ချက် အတော်လေးမှေးမှိန်သွားမှာ ဖြစ်တာကြောင့် ဝက်စ်ဟမ်းအသင်းထက် ဘန်လေရဲ့ ရုန်းအားကို ကြည့်ရမယ်။

## ဘရိုက်တန် Vs နော်တင်ဟမ်

ပထမအကျော့ရလဒ် နော်တင်ဟမ် ၂-၃ ဘရိုက်တန်

ဘရိုက်တန်ရော နော်တင်ဟမ်အသင်းပါ နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ထားတာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲပြန်ရှာတွေ့ရေး ရေကုန်ရေခန်းကြိုးစားလာမှာပါ။ နော်တင်ဟမ်ထက် ဘရိုက်တန်က တိုက်စစ်၊ ခံစစ်ပိုင်း သာလွန်မှုရှိတယ်။ သို့သော်လည်း တန်းဆင်းဇုန်ဖိအားရှိတဲ့ နော်တင်ဟမ်ရဲ့ ရုန်းအားကြောင့် နိုင်ပွဲရရေး မလွယ်ကူတဲ့ အခြေအနေမှာရှိတယ်။ နော်တင်ဟမ်ရဲ့ ကြိုးစားအားထုတ်မှုကို ကြည့်ရမယ်။

## ချယ်ဆီး Vs ကာဆယ်

ပထမအကျော့ရလဒ် ကာဆယ် ၄-၁ ချယ်ဆီး

ချယ်ဆီးရဲ့ ခြေစွမ်းက ဒီရာသီမှာ အတော်လေး ယိုယွင်းလာတယ်။ အထူးသဖြင့် အသင်းစွမ်းဆောင်ရည်ပိုင်း ကောင်းမွန်မှုရှိသော်ငြား တိုက်စစ်အဆုံးသတ်ပိုင်း အားနည်းတာ တွေ့ရတယ်။ ကာဆယ်က ချယ်ဆီးထက် တိုက်စစ်ပိုင်း သာလွန်မှုရှိတယ်။ ကာဆယ်မှာ ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်တဲ့ ကစားသမားကောင်းတွေ ရှိတာကြောင့် ချယ်ဆီးရဲ့ ကစားအား သာမန်ထက် မပိုရင် ရှုံးပွဲထပ်မံကြုံတွေ့နိုင်တယ်။

# နိုင်ငံတကာသတင်း

## အမေရိကန်-ဗြိတိန် ညွှန့်ပေါင်းတပ်က ယီမင်ဆိပ်ကမ်းမြို့ကို လေးကြိမ်ထက်မနည်း လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ဆာနား မတ် ၈**

ပင်လယ်နီတွင် စခန်းချနေသည့် အမေရိကန်နှင့် ဗြိတိန်ရေတပ်များမှ တိုက်လေယာဉ်များသည် ယီမင်ဆိပ်ကမ်းမြို့ဖြစ်သည့် ဟူဒေးဒါးကို မတ် ၇ ရက်က လေကြောင်း တိုက်ခိုက်မှု လေးကြိမ်ထက် မနည်း ပြုလုပ်ခဲ့သည်ဟု ဟူသီတို့ ထိန်းချုပ်ထားသည့် ရုပ်သံ အယ် -မာရီရာ့တွင် ဖော်ပြထားသည်။

ယင်းသို့တိုက်ခိုက်မှုကြောင့် ဟူဒေးဒါး အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်အခြားသောနေရာ နှစ်ခုတို့တွင် ထိမှန်ခဲ့သည်ဟု ရုပ်သံတွင် ဖော်ပြထားသည်။ ဟူသီတို့ ထိန်းချုပ်ထားသည့်မြို့တွင်း၊ မြို့ပြင်တွင် လေကြောင်းတိုက်ခိုက်မှုများနှင့်ကြုံတွေ့ခဲ့ရသည်ဟု ဟူဒေးဒါး ဒေသခံများက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်၍ ညွှန့်ပေါင်းတပ်မှ မည်သည့် မှတ်ချက်မျှ ပြောကြားခဲ့ခြင်း မရှိချေ။ မတ် ၆ ရက်ကလည်း အမေရိကန်ပိုင် ကုန်တင်သင်္ဘောကို အေဒင်ပင်လယ်ကွေ့တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဟူသီအုပ်စုက ပြောသည်။ ဟူသီတို့၏ သင်္ဘောဖျက် ဒုံးကျည်ပစ်ခတ်မှုကြောင့် သင်္ဘောသား သုံးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန် ဗဟိုကွပ်ကဲရေးဌာနက ပြောသည်။

ယင်းသို့ တိုက်ခိုက်မှုကြောင့် သင်္ဘောမှာလည်း ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ရသည်။ အမေရိကန်နှင့်ဗြိတိန်တို့ ပူးပေါင်း၍ ဟူသီအုပ်စုကို နေ့စဉ်နှင့်အမျှ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသော်လည်း ပါလက်စတိုင်း ဟားမားစ်စစ်သွေးကြွများကို တိုက်ခိုက်နေမှုများ အစ္စရေးဘက်မှ မရပ်မချင်း သင်္ဘောများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဟူသီတို့က ကတိပြုထားသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံအနောက်တောင်ပိုင်းတွင် သောက်ရေကို တခြားနေရာများ၌ အသုံးမပြုရန် တားမြစ်

**နယူးဒေလီ မတ် ၈**

အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းပြည်နယ် ကာနာတာကာ၌ သောက်ရေကို ကားရေဆေးခြင်း၊ ဥယျာဉ်ခြံလုပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌အသုံးပြုခြင်း စသည့် တခြားနေရာများ၌ အသုံးပြုခြင်းမပြုရန် မတ် ၈ ရက်က တားမြစ်လိုက်ပြီဖြစ်သည်။ ကာနာတာကာ ပြည်နယ် မြို့တော် ဘန်ဂါလူရူ၌ သောက်ရေအကျပ်အတည်းနှင့် ဆိုးရွားစွာ ကြုံတွေ့နေရစဉ် ထိုသို့ တားမြစ်လိုက်ခြင်းဖြစ်သည်။

ကာနာတာရေထောက်ပံ့ရေးနှင့် မိလ္လာသိမ်းစနစ်အဖွဲ့က တားမြစ်ချက်ချိုးဖောက်သူများကို အမေရိကန်ဒေါ်လာ ၆၀ ဒဏ်ရိုက်ရန် ဆုံးဖြတ်ခဲ့သည်။ နွေရာသီမရောက်မီ ဘန်ဂါလူရူ၌ ရေပြတ်တောက်ခြင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ မြို့တော်တစ်ဝန်း အဝီစိတွင်း ပေါင်း ၃၀၀၀ ကျော် ရေခန်းခြောက်သွားပြီဖြစ်ကြောင်း အစီရင်ခံစာများတွင် ဖော်ပြထားသည်။ လွန်ခဲ့သော မုတ်သုံရာသီတွင် မိုးနည်းခြင်းကြောင့် ယခုလို ဖြစ်ပေါ်ခဲ့သည်ဟု ကျွမ်းကျင်သူများက ယူဆခဲ့သည်။

ဆင်ဟွာ

## တောင်းဆိုထားသည့် အခြေအနေမရမချင်း မည်သည့်ဓားစာခံကိုမျှ ပြန်လွှတ်ပေးမည်မဟုတ်ဟု ဟားမားစ်တို့ပြော

**ဂါဇာ မတ် ၈**

ဟားမားစ်တို့ တောင်းဆိုထားသည့် အခြေအနေများကို သဘောတူခြင်းမရှိဘဲ အစ္စရေးတို့က ၎င်းတို့၏ ဓားစာခံများကို ပြန်လွှတ်ပေးရန် ရည်ရွယ်ထားခြင်း မှာ လုံးဝမဖြစ်နိုင်ဟု ဟားမားစ် အရာရှိ တစ်ဦးက မတ် ၇ ရက်တွင် ပြောသည်။

အပစ်အခတ်ရပ်စဲခြင်းအတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နေစဉ်အတွင်း အစ္စရေးတို့ဘက်မှ ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် အဓိကထား ဆွေးနွေးခဲ့ကြောင်း၊ အပစ်အခတ်ရပ်စဲခြင်းဆွေးနွေးမှုအတွက် ပါလက်စတိုင်းအဖွဲ့များက သတ်မှတ်ထားသည့် အခြေအနေများကို ငြင်းဆိုခဲ့ကြောင်း ဟားမားစ်အရာရှိတစ်ဦးက ဆက်လက်ပြောသည်။

ဟားမားစ်ခေါင်းဆောင်များသည် စေ့စပ်ညှိနှိုင်းမှုများနှင့် ပတ်သက်၍ ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်ရန်အတွက် မတ် ၇ ရက်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ ထွက်ခွာခဲ့ကြသည်။ လာမည့် သီတင်းပတ်အတွင်း ကိုင်ရိုမြို့တွင် စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်မည်ဟု အီဂျစ်သတင်း အရင်းအမြစ်များအရ သိရသည်။

တနင်္ဂနွေနေ့မှစတင်ကာ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ချိန်တွင် အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲများတွင် အမေရိကန်၊ ကာတာနှင့် ဟားမားစ်တို့မှ ကိုယ်စားလှယ်များ ပါဝင်ကြသည်။

ဆင်ဟွာ

## အော့တဝါမြို့၌ လူခြောက်ဦးကို သတ်ဖြတ်မှုဖြင့် အသက် ၁၉ နှစ်အရွယ် လူငယ်တစ်ဦး တရားစွဲခံရ

**အော့တဝါ မတ် ၈**

ကနေဒါနိုင်ငံ မြို့တော် အော့တဝါ မြို့ဆင်ခြေဖုံးရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် အသက် ၁၉ နှစ် အရွယ်လူငယ်တစ်ဦးက လူခြောက်ဦးကို သတ်ဖြတ်မှုဖြစ်ပွားခဲ့ရာ သုံးလသားကလေး တစ်ဦး အပါအဝင် ကလေး လေးဦး သေဆုံးခဲ့ရသည်။ အဆိုပါ အသက် ၁၉ နှစ်အရွယ် လူငယ်ကို ယခုအခါတရားစွဲဆိုထားကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ဖက်ဘရီယို ဒီဇွိုင်းဆာဆိုသည့် လူငယ်ကို လူခြောက်ဦးကို သတ်မှုဖြင့် ပထမအဆင့် လူသတ်မှုဖြင့် တရားစွဲဆိုထားသည်။

ဆင်ဟွာ

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

## မတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၁၃)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၃၀၁၉၆၃ ဖြစ်

**နေပြည်တော် မတ် ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၌ အခြားသစ် ၁၀ ဒသမ ၇၈၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၉၆၃) ကို သစ်တောဥပဒေအရလည်းကောင်း၊ ဖျာပုံမြို့ အမှတ်(၃)ရပ်ကွက် ဘိုကလေးလမ်းနှင့် ရတနာလမ်းထောင့်၌ လိုင်စင်မဲ့ Toyota Succeed မော်တော်ယာဉ်တစ်စီးနှင့် ဟင်္သာတမြို့နယ် ဇီးကုန်းကျေးရွာ၌ လိုင်စင်မဲ့ Toyota Succeed မော်တော်ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၉၁၉၆၃ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်စာတမ်းပါ Chemical အရည်ပုံး ၈၀၊ DILONG Electrical Control Panel Board တစ်ခုနှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Jinko Solar Panel အခု ၂၄၈၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၇၇၇၀၀၀၀ ကို ဖမ်းဆီးရမိ ခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီးမှ ဖမ်းဆီးရမိမှု။



ထို့ပြင် မတ် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမျိုးသမီးဝတ် အဝတ်အထည် ၂၈၅၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၀၀၀၀၀) နှင့် Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Benzyl Cyanide ဟု ယူဆရသော အက်စစ်အရည် လီတာ ၇၂၀၀၊ Dichloromethane ဟု ယူဆရသော အက်စစ်အရည် လီတာ ၇၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၁၃) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၃၀၁၉၆၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

---

# တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၈**

တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ညနေ ၄နာရီခွဲတွင် တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ဝမ်မိုင်ကွက်သစ်နေ အောင်ဇေယျ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကိုလည်းကောင်း၊ အလားတူ မတ် ၇ ရက် ညနေ၅နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် ရှာမွေလှ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**





အောင်ဇေယျနှင့် ရှာမွေလှတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

---

# ဆီဆိုင်မြို့ကို တပ်မတော်က ဓာတုအဆိပ်ငွေ့ဗုံးများဖြင့် တိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့ကို မတ် ၆ ရက်က တပ်မတော်မှ ဒရုန်းဖြင့် ဓာတုအဆိပ်ငွေ့ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက် စာမျက်နှာပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။



အဆိုပါသတင်းနှင့် ပတ်သက်၍ မတ် ၆ ရက်က ဆီဆိုင်မြို့တွင် မည်သည့်တိုက်ပွဲမျှဖြစ်ပွားခြင်း မရှိကြောင်း၊ ထို့အပြင် တပ်မတော်မှ လက်နက်ကြီးပစ်ခတ်ခြင်း၊ ဒရုန်းများအသုံးပြု၍ ဗုံးကြဲတိုက်ခိုက်ခြင်းများနှင့် ဓာတုအဆိပ်ငွေ့ဗုံးများအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူများက မတ် ၇ ရက်က ဆီဆိုင်မြို့အတွင်းသို့ ဒရုန်းများဖြင့် ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် နေအိမ်အချို့မီးလောင်ပျက်စီးခဲ့ပြီး ပြည်သူများထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများဖြင့် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးနှင့် ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုမှ တစ်ရွာလျှင် လူ ၅၀ စစ်မှုထမ်းရန် အတင်းအဓမ္မ စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၈**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် ဖေဖော်ဝါရီလအတွင်းက တပ်မတော်မှလာရောက်ခေါ်ဆောင်သွားကြောင်းနှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများကို တစ်ရွာလျှင် လူငယ် ၂၀ စုဆောင်းပေးရန် တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပြည်သူများစိုးရိမ်ထိတ်လန့်မှု မရှိစေရန်အတွက် ဥတ္တရသီရိမြို့နယ်မှ အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးတို့ထံ ဆက်သွယ်မေးမြန်းချက်အရ မှန်ကန်မှုမရှိသည့်သတင်းအမှားများသာဖြစ်ပြီး ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာများကို ကျေးရွာတစ်ရွာလျှင် လူငယ် ၂၀ စုဆောင်းပေးရန်နှင့် ဘုရားတောင်ကျေးရွာမှ လူငယ် ၁၅ ဦးကို စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်ခြင်းမရှိကြောင်း သိရသည်။

အလားတူ ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၀ ရွာကို တစ်ရွာလျှင် လူ ၅၀ စစ်မှုထမ်းဆောင်ရန် စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများအား စိုးရိမ်ထိတ်လန့်စေရန် လှုံ့ဆော်ရေးသားလျက်ရှိပါသည်။ ထိုသို့ တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် တည်ငြိမ်အေးချမ်းသာယာရေးကို မလိုလားသည့် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများဖြင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပန်းစုံတောအလယ်မှာ ဂုဏ်ဝင့်ထည်နေသော ယွန်းပညာကောလိပ် (ပုဂံ)

မြင့်စိုး(နတလ)

**အားလုံးရဲ့ပုဂံ**

- ❖ ဤနေရာဤဒေသကို တစ်ခေါက်တစ်ခါမက ကျွန်တော်ရောက်ဖူးခဲ့သည်။
- ❖ ရောက်တိုင်းလည်း စိတ်မှာကြည်နူးချမ်းမြေ့မှုများ အနမတဂ္ဂ ခံစားခဲ့ရသည်။
- ❖ ထို့ပြင်တစ်ဝ ဤနေရာတွင် တမာရနံ့ ထနောင်းရနံ့များကို ရှူရှိုက်ရင်း သတိရခြင်း၊ လွမ်းဆွတ်တသခြင်း ဝေဒနာများကိုလည်း ထွေးပွေ့ခဲ့ရသည်။ (ကျွန်တော်၏ ချစ်၍လွမ်းခဲ့သည် စာအုပ်ထဲက အပိုင်းအစများ)
- ❖ ဆရာမြသန်းစံ ရေးဖွဲ့သီကုံးထားသော "မဟာ" သီချင်းထဲက တေးစာသားတချို့ကို ခဏငှားသုံးရလျှင် ဤနေရာသည်ကား... အားလုံးရဲ့ပုဂံ။
- ❖ ဤမည်သောပုဂံ၊ ထိုထိုအနှီသောပုဂံကို ပန်းစုံတောဟု ကျွန်တော်က ဝိဂြိုဟ်ပြုလိုက်ပါသည်။ အကြောင်းမှာ ကျွန်တော်တို့ ငယ်စဉ်ကပင် ရေရွတ်မှတ်သားခဲ့ဖူးသော ဘုရားမတင်၊ နတ်မဝင် လူတွင်ပန်းဆယ်မျိုး (ပန်းပဲ၊ ပန်းတိမ်၊ ပဲတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း) ဆိုသည့်အတိုင်း ရိုးရာယဉ်ကျေးမှုအနုလက်ရာများဖြင့် ပုဂံဒေသတစ်ခုလုံးကို ထုံမွမ်းရက်ယှက်ထား၍ ပါတည်း။

**ပုဂံဝန်ထောက်မင်း ဦးတင်နှင့် ဆရာကြီး ဦးစိန်**


ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က ရောက်ခဲ့သော ပုဂံခရီးစဉ်ကမူ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်များထဲမှာ တစ်ခုအပါအဝင်ဖြစ်သော ယွန်းပညာကောလိပ် (ပုဂံ) ၏ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် မော်ကွန်းကျောက်စာတိုင် စိုက်ထူပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးကိုယ်စား တက်ရောက်ရန်အတွက် ဖြစ်ပါသည်။ ယွန်းပညာကောလိပ်အကြောင်းကိုပြောလျှင် ယွန်းပညာမျိုးစေ့ကို စတင်သန္ဓေတည်ပေးခဲ့သူ ပုဂံဝန်ထောက်မင်းဦးတင်နှင့်အမွေဆက်ခံသူဆရာကြီး ဦးစိန်တို့ကို ချန်လှပ်ထား၍ မရတော့ပေ။



ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းဝင်းအတွင်းရှိ သစ္စာရှင်ဘုရား။

■ **ယွန်းပညာကောလိပ်(ပုဂံ)တွင် ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းနှင့် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ တစ်နှစ်သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး အသက် ၃၅ နှစ် မကျော်သူများ၊ နှစ်နှစ်သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ ယွန်းအတတ်ပညာကျွမ်းကျင်သူ တစ်နှစ်သင်တန်းလည်း ဖွင့်လှစ်သင်ကြားပေးနေရာ (KG+9) အောင်မြင်၍ အသက် ၂၀ မကျော်သေးသူများ တက်ရောက်နိုင်ပါသည်။ ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းတွင် ကညစ်ယွန်းမေဂျာ၊ ရွှေဇဝါယွန်းမေဂျာ၊ သားရိုးပန်းကြွယွန်းမေဂျာဟူ၍ အဓိကမေဂျာ သုံးမျိုးသတ်မှတ်ထား**

ပုဂံဝန်ထောက်မင်း ဦးတင်ဟု နာမည်ခေါ်အကျော်အမော်ဖြစ်လာမည့် ငယ်နာမည် မောင်မောင်တင်ကို အဘ ဝမ်းတွင်းမြို့ဝန် စာဆိုတော် မဟာမင်းလှသင်္ခယာဘွဲ့ခံ ဦးမောင်၊ အမိ ဒေါ်စောတို့မှ သက္ကရာဇ် ၁၂၂၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့တွင် မန္တလေးမြို့ ရွှေနန်းတော်အနောက်ဘက် ရန်နည်တံခါး လမ်းမတော်ကြီးရှိ စကြာအိမ်တွင် ဖွားမြင်ကြောင်း၊ အသက်ကိုးနှစ်အရွယ်၌ အမရပူရမြို့ ဘုံကျော်တိုက်ဆရာတော်ဘုရားကြီးထံတွင် ပညာရင်နို့ သောက်စို့ခဲ့ကြောင်း၊ အသက် ၁၃ နှစ်အရွယ်မှာပင် ကင်းဝန်မင်းကြီး ရေးသားသော အဋ္ဌသံခေပ ဓမ္မသတ်လင်္ကာ ၇၂ ပုဒ်ကို နှုတ်တက်အာဂုံဆောင်နိုင်ရုံမျှမက အထွက်အတက်နှင့် အနက်အဓိပ္ပာယ်ကိုပါ ကျနသေချာစွာ ဆရာတော်ဘုရားကြီး သင်ကြားထားသည့်နည်းအတိုင်း ကင်းဝန်မင်းကြီးရှေ့၌ ပြန်ဆိုဖြေကြားပြနိုင်သဖြင့် ကင်းဝန်မင်းကြီး၏ ချီးကျူးသြဘာ ထောမနာပြုခြင်းခံရသည်မှအစပြု၍ ထင်ရှားကျော်ကြားလာခဲ့ကြောင်း လေ့လာသိရှိရသည်။



ယွန်းလုပ်ငန်းအတတ်သင်ကျောင်း၏ ပထမဦးဆုံးသော ကျောင်းအုပ်ဆရာကြီး ဦးစိန် (၁၉၂၄ မှ ၁၉၅၆ ထိ)

ထိုမှ သီပေါမင်းလက်ထက် အသက် ၁၉ နှစ်အရွယ် သက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် နော်ရထာကျော်ထင်ဘွဲ့ကို ရရှိခဲ့ပြီး အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးချိန် အသက် ၂၃ နှစ်မှစ၍ မန္တလေးလွှတ်တော်တွင် အမှုထမ်းရသည်။ အသက် ၂၇ နှစ်မှ ၃၃ နှစ်အထိ မြန်မာနိုင်ငံ စာပြန်တော်ဌာနနှင့် ကျောက်စာဌာနများတွင် တာဝန်ထမ်းဆောင်ပြီး ပုဂံမြို့အုပ် ဖြစ်လာခဲ့သည်။ ထိုမှ အသက် ၄၄ နှစ်တွင် နယ်ပိုင်ဖြစ်ပြီး ဒေလီမြို့သို့ သွားရောက်ခဲ့သည်။ အင်္ဂလိပ်အစိုးရက အသက် ၆၃ နှစ်တွင် အငြိမ်းစားလစာရိက္ခာပေးခဲ့သော်ငြားလည်း စာပေဝါသနာကြောင့် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဆရာအဖြစ် တစ်နှစ် တာဝန်ထမ်းဆောင်ခဲ့သေးကြောင်း၊ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က ဦးတင်အား အသက် ၇၁ နှစ်အရွယ် ၁၂၉၄ ခုနှစ်တွင် မဟာဝိဇ္ဇာ (M.A) ဘွဲ့ချီးမြှင့်ခဲ့ကြောင်းနှင့် ၁၂၉၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့တွင် ရန်ကုန်မြို့ အရှေ့ပိုင်းကရိလမ်း (ယခု ဗိုလ်မြတ်ထွန်းလမ်း) နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရသည်။

ပုဂံဝန်ထောက်မင်း ဦးတင် ပြုစုရေးသားခဲ့သော ကျမ်းပေါင်းများစွာ၊ စာတမ်းပေါင်းများစွာ၊ ပြန်တမ်းပေါင်းများစွာ၊ အတ္ထုပ္ပတ္တိပေါင်းများစွာ ရှိခဲ့ကြောင်းနှင့် ကဗျာ ဗန္ဓသာရကျမ်း၊ ကတညုတ ကတဝေဒီ စာတမ်း၊ ကျောက်စာဝန် တော်စိန်ခို အတ္ထုပ္ပတ္တိ၊ ပုဂံအတ္ထုပ္ပတ္တိအကျယ်၊ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ ဆက်ဆံပုံ၊ မြန်မာမင်းအုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ်သော အမိန့်တော်ပြန်တမ်းကြီး၊ ပုဂံနယ်အတွင်းရှိ ဘုရားများအကြောင်း၊ မြန်မာစာအသက်ဆက်စာတမ်း၊ သံချက်နည်း အတ္ထုပ္ပတ္တိ၊ ယွန်းထည်လုပ်နည်း အတ္ထုပ္ပတ္တိတို့လည်း ပါဝင်ကြောင်း သိရသည်။ ပုဂံဝန်ထောက်မင်း ဦးတင်၏ အကြောင်းကို ကျွန်တော် ဤမျှလောက်နိဒါန်းပျိုးနေရခြင်းမှာ ဦးတင်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယွန်းထည်လုပ်နည်း

စာမျက်နှာ ၁၇ သို့



ယွန်းပညာကောလိပ်(ပုဂံ) ရာပြည့်အခမ်းအနား ကျင်းပခဲ့စဉ်က။

## အမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းလျက်ရှိ



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အခမ်းအနားတက်ရောက်သူများအား တွေ့ဆုံနှုတ်ဆက်စဉ်။

**ထားဝယ် မတ် ၈**

အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေးဟူသော ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို မတ် ၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက နှစ်စဉ် မတ် ၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် နိုင်ငံတကာတွင် အခမ်းအနားများ ကျင်းပသည့်နည်းတူ မြန်မာနိုင်ငံမှာလည်း မြန်မာအမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍကို ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံတော်အဆင့်အခမ်းအနားနှင့် တိုင်းဒေသကြီးအဆင့် အခမ်းအနားများကို ကျင်းပကြောင်း၊ မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ မြင့်မားတိုးတက်စေရန်၊ ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူညီမျှရရှိစေရန်အတွက် ဘေဂျင်းကြေညာစာတမ်း (Beijing Declaration)နှင့် ဘေဂျင်းလုပ်ငန်းစီမံချက်၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၊ ကုလသမဂ္ဂက ချမှတ်ခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စသောနိုင်ငံတကာအဆင့် ကတိကဝတ် ပြုထားမှုများကို ဥပဒေများ၊ မူဝါဒများ လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲလျက်ရှိသလို အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ ရေးရာအခြေပြု အကြမ်းဖက်မှုများမှ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျား၊ မ ရေးရာ တန်းတူညီမျှမှုရှိရန်၊ မြန်မာအမျိုးသမီးများ၏ အခွင့်အရေးများကို ပိုမိုမြှင့်တင် ကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ Video Clip ကိုလည်းကောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ Video Clip ကိုလည်းကောင်း ဖွင့်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ကျန်းမာရေးအသိပညာပေးဟောပြော

**ရန်ကုန် မတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မတ် ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ရန်ကင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီသီလတ်က ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းသားများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ Healthy Lifestyle၊ မူးယစ်ဆေးအန္တရာယ်နှင့် ကူးစက်/ မကူးစက်ရောဂါများအကြောင်းကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊
လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့

*စာမျက်နှာ ၁၆ မှ*

အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့သလို ပုဂံခေတ် ၁၂ ရာစုဝန်းကျင်ကတည်းက စတင်လာခဲ့သည့် ယွန်းထည်လုပ်ငန်းသည် ၁၄ ရာစုနှစ်လောက်တွင် ပိုမိုကျယ်ပြန့်လာပြီးနောက် ဆက်လက်ထွန်းကားပြန့်ပွားရေးအတွက် ပုဂံဝန်ထောက်မင်း ဦးတင်က ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင်သည် ပုဂံဒေသရှိ ဒေသခံယွန်းထည်လုပ်ငန်း ပညာရှင်ကြီးများနှင့် ညှိနှိုင်းတိုင်ပင်ကာ ကိုယ့်အားကိုယ်ကိုး ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းတစ်ခု ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆရာကြီး ဦးစိန်ကိုမူ အဘဦးမူ (ATN) ပခုက္ကူမြူနီစီပယ်ဝန်ထောက်နှင့် အမိဒေါ်ရှင်တို့မှ သက္ကရာဇ် ၁၂၅၆ ခုနှစ် (၁၈၉၄)တွင် စလေမြို့၌ မွေးဖွားခဲ့ကြောင်း၊ အင်းစိန် GTI စက်မှုသင်တန်းကျောင်းဆင်းဖြစ်ကြောင်း၊ ပခုက္ကူတွင် လမ်းဝန်ထောက် လုပ်ကိုင်နေစဉ် အင်္ဂလိပ်အစိုးရက ၁၉၂၄ ခုနှစ်တွင် ပုဂံယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်း အသစ်ဖွင့်လှစ်ရာ၌ ကျောင်းအုပ်ကြီးအဖြစ် တိုက်ရိုက်ပြောင်းရွှေ့ခန့်ထားခဲ့သည်ဟု ဆိုကြောင်း၊ ဆရာကြီး၏ ဇနီးမှာ ဒေါ်မေယုဖြစ်ပြီး သားသမီးမထွန်းကားသောကြောင့် ပုဂံမြို့မှ ဒေါ်ဝပွင့်၏သား ဦးသန်းအောင်ကို မွေးစားခဲ့ကြောင်း သိရသည်။

ဆရာကြီး ဦးစိန်သည် ယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်း၏ ပထမဦးဆုံးသော ကျောင်းအုပ်ကြီးဖြစ်သကဲ့သို့ ကျောင်းသို့လာရောက်လေ့လာကြသော နိုင်ငံခြားသားဧည့်သည်များကို ယွန်းသမိုင်းကြောင်းနှင့် ယွန်းထည်ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို အင်္ဂလိပ်လို ပိုင်နိုင်စွာရှင်းလင်းပြောကြားနိုင်သဖြင့် နယ်မြေအာဏာပိုင်များက ပုဂံသို့ရောက်ရှိလာသည့် နိုင်ငံခြားအထူးဧည့်သည်များ၊ သံတမန်များအား ပုဂံဘုရားပုထိုးများအကြောင်းကိုပါ လိုက်ပါရှင်းလင်းပြသပေးရန် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောင်းဝင်းထဲမှ သစ္စာရှင်ပေါ်တော်မူဘုရား**

ဆရာကြီး ဦးစိန်နှင့်ပတ်သက်၍ အထူးအမှတ်ရစရာ အကြောင်းခြင်းရာတစ်ခုမှာ ဆရာကြီး ဦးစိန်သည် မိမိကျောင်းအုပ်နေအိမ်တွင် အိပ်စက်နေစဉ် တစ်ညသ၌ အိပ်မက်တစ်ခု မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦးက ကျောင်းအဆောက်အဦ အရှေ့ဘက်သို့ လက်ညှိုးညွှန်၍ “ ဦးစိန်.... ကျောင်းနှင့် မျက်နှာချင်းဆိုင်လောက်မှာ တောင်ကမူလေးတစ်ခုရှိတယ်။ ကမူကိုဖြိုလိုက်ရင် ဘုရားငုတ်တိုတစ်ဆူ ပေါ်လာလိမ့်မယ်။ အဲဒီဘုရားငုတ်တိုကို ပြုပြင်ပူဇော်ပါလေ” ဟု ဦးစိန်၏ အနားသို့ကပ်၍ ပြောလိုက်သလို ကြားလိုက်ရကြောင်း၊ မနက်မိုးလင်းချိန်၌ ဇနီးဖြစ်သူ ဒေါ်မေယုအား ပြန်လည်ပြောပြရာ ဒေါ်မေယုကလည်း တိုက်တိုက်ဆိုင်ဆိုင် ထိုကဲ့သို့အိပ်မက်ကို ညကမက်ခဲ့ကြောင်း ပြောသဖြင့် ထူးခြားနေသောကြောင့် ဆရာကြီး ဦးစိန်သည် ကျောင်းမှ ဆရာများ၊ ဝန်ထမ်းများ၏ အကူအညီဖြင့် ၎င်းမြေကမူကို ရှာဖွေပြီး ခြုံတွေရှင်းလင်း၍ တူးဖော်ကြည့်ရာ အိပ်မက်ထဲက အတိုင်းပင် ဘုရားငုတ်တိုတစ်ဆူနှင့် လိုဏ်တွင်း ကျိုးပဲ့နေသော ဆင်းတုတော်အချို့ကို တွေ့မြင်ခဲ့ကြကြောင်း၊ ဆင်းတုတော်တစ်ဆူ၏ လက်မောင်း၌ ပျဉ်ပြားမင်း၏ ကုသိုလ်တော် သစ္စာရှင်ဘွဲ့အမည်ရဘုရားဟု ရေးထွင်းထားကြောင်း၊ ထိုမှဘုရားကို ဝိုင်းဝန်းပြုပြင်ကာ စာလိပ်နှင့် ကျန်ဌာပနာပစ္စည်းအားလုံး ဌာပနာသွင်းလှူပူဇော်ပြီးနောက် ဘုရားဘွဲ့ကိုလည်း ရှေးမူမပျက် အတိုင်းပင် သစ္စာရှင်ဘုရားဟု ဘွဲ့မည်နာမခေါ်တွင်ခဲ့ကြကြောင်းတို့ကို ဆရာကြီး၏ဇနီး ဒေါ်မေယု၏ တူမတော်စပ်သူ ပခုက္ကူမြို့ ပန်းပဲတိုက်နေ ကျောင်းဆရာမ ဒေါ်အေးထံမှ ကြားသိခဲ့ရသည်ဟု လေ့လာမှတ်သားရပါသည်။ ဆရာကြီး ဦးစိန်သည် ၁၃၂၈ ခုနှစ်၊ အသက် ၇၂ နှစ်တွင် နလုံးရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

**အဆင့်ဆင့်ပြောင်းလဲလာပုံနှင့် ကျောင်းအုပ်ကြီးများ**

၁၉၂၄ ခုနှစ် အစိုးရယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းအဖြစ် စတင်ဖွင့်လှစ်ချိန်က သင်တန်းကာလမှာ သုံးနှစ်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မတ်လတွင် သင်တန်းကာလကို သုံးနှစ်မှ တစ်နှစ်သင်တန်းအဖြစ် နိုင်ငံတော်အစိုးရက ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းကို မြန်မာ့ယွန်းသိပ္ပံအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် မြန်မာ့ယွန်းသိပ္ပံအဆင့်မှ ယွန်းပညာကောလိပ်အဆင့်သို့ တိုးမြှင့်၍ အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားခဲ့ပါသည် -

(က) မြန်မာ့ယွန်းထည်လုပ်ငန်း အတတ်ပညာများ မတိမ်ကော မပပျောက်စေရေးအတွက် ထိန်းသိမ်းရန်၊

(ခ) မြန်မာ့ရိုးရာ ယွန်းထည်နည်းစနစ်များ မပျက်ယွင်းစေဘဲ ခေတ်မီနည်းစနစ်များဖြင့် တိုးတက်တီထွင်ပြီး ရရှိသည့် နည်းပညာများကို ဖြန့်ဖြူးပေးရန်၊

(ဂ) ယွန်းအတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပျိုးထောင်ပေးရန်၊

(ဃ) ယွန်းထည်လုပ်ငန်း အတတ်ပညာ သင်ကြားရေးကို ပညာသင်ကြားမှု နည်းလမ်းများနှင့်အညီ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) စီးပွားရေးပညာ တတ်ကျွမ်းနားလည်သော ယွန်းအတတ်ပညာရှင်များ ပေါ်ထွန်းလာစေရန်၊

အစိုးရယွန်းထည်လုပ်ငန်း အတတ်သင်ကျောင်းဘဝက ဆရာကြီး ဦးစိန်၏နောက် ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်သွားသူများမှာ ဆရာကြီး ဦးတင်အေး (၁၉၅၆–၁၉၇၅)၊ ဆရာကြီး ဦးတင်ငွေ (၁၉၇၅–၁၉၈၂)၊ ဆရာကြီး ဦးသောင်းထွန်း (၁၉၈၂–၁၉၈၇)၊ ဆရာကြီး ဦးခင်ထွန်း (၁၉၈၇–၁၉၈၉)၊ ဆရာကြီး ဦးသောင်းကြည်(၁၉၈၉–၁၉၉၀)၊ ဆရာကြီး ဦးဌေးအောင် (၁၉၉၀ – ၁၉၉၂)တို့ ဖြစ်ကြသည်။ မြန်မာ့ယွန်းပညာသိပ္ပံ ကျောင်းအုပ်ကြီးများမှာ ဆရာကြီး ဦးတင်ငွေ (၁၉၉၂–၁၉၉၈) (ဆရာကြီး ဦးတင်ငွေသည် ယခင်ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းဘဝ၌ ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်း ဖြစ်ပါသည်)၊ ဆရာကြီး ဦးယုသိန်း (၁၉၉၈–၂၀၀၁)တို့ ဖြစ်ကြသည်။ ယွန်းပညာကောလိပ်အဆင့် တိုးမြှင့်ပြီးနောက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများမှာ ဆရာကြီး ဦးသောင်းလင်း (၂၀၀၄–၂၀၁၀)၊ ဆရာကြီး ဦးကျော်ဖုန်းနိုင် (၂၀၁၀–၂၀၁၂)၊ ဆရာကြီး ဦးဝင်းဇော်စိုး (၂၀၁၂–၂၀၁၅) နှင့် လက်ရှိယွန်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့် (၂၀၁၅–ယနေ့ထိ) တို့ ဖြစ်ကြပါသည်။

**ကောလိပ်မှသည် သမတက္ကသိုလ်များဆီသို့**

ယွန်းပညာကောလိပ်(ပုဂံ)တွင် ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ်သင်တန်းနှင့် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ တစ်နှစ် သင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး အသက် ၃၅ နှစ်မကျော်သူများ၊ နှစ်နှစ် သင်တန်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ ယွန်းအတတ်ပညာကျွမ်းကျင်သူ တစ်နှစ်သင်တန်းလည်း ဖွင့်လှစ်သင်ကြားပေးနေရာ (KG+9) အောင်မြင်၍ အသက် ၂၀ မကျော်သေးသူများ တက်ရောက်နိုင်ပါသည်။ ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်းတွင် ကညစ်ယွန်းမေဂျာ၊ ရွှေဇဝါယွန်းမေဂျာ၊ သားရိုးပန်းကြွယွန်းမေဂျာဟူ၍ အဓိကမေဂျာ သုံးမျိုးသတ်မှတ်ထားသည်။

ယွန်းပညာကောလိပ် (ပုဂံ)မှ ဒီပလိုမာ နှစ်နှစ်သင်တန်း အောင်မြင်ပြီးသူများသည် ဒီပလိုမာဘွဲ့အပြင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့်သန်လျင်) များသို့လည်း ပေါင်းကူးတက်ရောက်ခွင့်ရရှိကြမည်ဖြစ်သည်။ ယွန်းအတတ်ပညာကျွမ်းကျင်သူ တစ်နှစ်သင်တန်းတက်ရောက် အောင်မြင်ပြီးသူများအနေဖြင့်လည်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ National Skills Standards Authority (NSSA) အသိအမှတ်ပြု ကျွမ်းကျင်မှုအဆင့်–၂ သို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များ ထူထောင်လုပ်ကိုင်နိုင်ခြင်း၊ ယွန်းထည်အလုပ်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း စသောအကျိုးကျေးဇူးများကို ရရှိကြမည်ဖြစ်ပေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကြံခင်းမြို့နယ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနလေးခုတွင် မီးဘေးလုံခြုံရေးနှင့် အခန်းများပြင်ဆင်ထားရှိ



ကြံခင်း မတ် ၈

ကြံခင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို မတ် ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး၊ မီးလောင်၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အတွင်းရှိ စာစစ်ဌာနလေးခုတွင် မီးဘေးလုံခြုံရေးနှင့် အခန်းပြင်ဆင် ဆောင်ရွက်ထားခြင်းကို ယနေ့ နံနက် ၉ နာရီက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ခြင်းကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်သိမ်းကျော်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုနိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှ တာဝန်ရှိသူများက စာစစ်ဌာနလေးခုဖြစ်သော (အ ထ က-၁) ကြံခင်း၊ (အ ထ က) ဘက်ရဲ၊ (အ ထ က) မျောက်ချောကုန်းနှင့် (အ ထ က)ရေနံတောင် ကျောင်းများရှိ စာသင်ခန်းအတွင်း၊ အပြင် ပြင်ဆင်ထားခြင်း၊ စာသင်ခုံများ ကောင်းမွန်ရေး ကြည့်ရှုစစ်ဆေးခြင်း၊ အေးချမ်းစွာ ဖြေဆိုနိုင်ရန် စာသင်ခန်းအတွင်း လျှပ်စစ်မီးကြိုးများစစ်ဆေးခြင်း၊ မီးချိတ်၊ မီးကပ်၊ ရေသိုလှောင်ကန်များ၊ (DCP) မီးသတ်ဆေးဘူး ထားရှိခြင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)




# နတ်မောက်၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၀၇၈ ဦးအား လူမှုရေးပင်စင်ထောက်ပံ့

နတ်မောက် မတ် ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် အဘိုးအဘွား ၁၀၇၈ ဦးအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေများကို မတ် ၆ ရက်မှစ၍ လက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး ၃၄၉ ဦးနှင့် အဘွား ၇၂၉ ဦး စုစုပေါင်း ၁၀၇၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၂၃၄၀၀၀၀ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ဘိုးဘွားများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်နေခြင်းဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

# ပဲခူးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းပြုလုပ်ပေး



ပဲခူး မတ် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် မတ် ၇ ရက်က ပဲခူးမြို့၊ ကလျာဏီရပ်ကွက်သို့ သွားရောက်၍ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။(ဝဲပုံ)

ထိုသို့ ကွင်းဆင်းပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်နှင့် ဝန်ထမ်းများက ကလျာဏီရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်(၃)ဖြင့် ဆောင်ရွက်ပြုလုပ်ပေးရာ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၄၅ ဦး စုစုပေါင်း ၈၀ တို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သက်ထက်**



(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၁) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း (တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေ၊ သင်တန်းသား ၇၉ ဦးတို့သည် မတ် ၈ ရက်က အမှတ် (၃) စစ်မြေပြင်ဆေးတပ်ရင်း၌ (စတုတ္ထ) အကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ပြီး ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၂) ကြိမ်မြောက် သွေးလှူဒါန်းစဉ်။ သတင်းစဉ်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၀ ကျပ် | ၂၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၉၀ ကျပ် | ၂၈၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့်သရုပ်ပြပွဲကို ယနေ့နံနက်က ပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးပြီး မီးသတ်တပ်ဖွဲ့ဝင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၃၀၀ | ၃၃၉ | ၂၈၁၃၇၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၃၁၂၂ | ၈၇၇၃၆၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၁၂ | ၁၆၃၂၄၀၀ |
| FPB | ၁၅၀၀ | ၁၅၅၀ | ၉၃၁၄ | ၁၃၉၇၁၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၂၀ | ၅၀၀၀၀ |
| EFR | ၁၈၀၀ | ၁၇၅၀ | ၁၄၂ | ၂၅၀၉၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၆ | ၁၂၂၉၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၁၁၂၄ | ၁၉၁၇၀၀၀ |

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အသုံးမပြုတော့သည့် ရုံးသုံးစက်ပစ္စည်းနှင့် အခြားစက်ပစ္စည်းစာရင်း အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ အသုံးမပြုတော့သည့် ရုံးသုံးစက်နှင့် အခြား စက်ပစ္စည်း (၈)မျိုးအတွက် အောက်ပါအစဉ်အစီအတိုင်း အိတ်ဖွင့်လေလံခေါ်ယူရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ပစ္စည်းအမျိုးအစား** - Copier,Monitor, Fax, Laptop, Computer, UPS, Printer, Aircon
(ခ) **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၁၁-၃-၂၀၂၄ ရက်
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ဒုတိယညွှန်ကြားရေးမှူးရုံးခန်း NB(104)၊ အင်ဂျင်နီယာဌာန
(ဃ) **တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန်** - ၂၅-၃-၂၀၂၄ ရက် ညနေ(၄:၃၀)နာရီ
(င) **တင်ဒါရွေးချယ်မည့်နေ့ရက်နှင့်အချိန်** - ၂၆-၃-၂၀၂၄ ရက် နံနက်(၁၀:၀၀)နာရီ
(စ) **တင်ဒါရွေးချယ်မည့်နေရာ** - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ISH (005) အစည်းအဝေးခန်းမ
(ဆ) **တင်ဒါလျှောက်လွှာ တစ်စုံရောင်းချဈေးနှုန်း** - ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ)

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၉-၄၂၀၀၀၃၁၈၀၊ ၀၉-၂၅၀၀၇၄၅၆၆၊ ၀၉-၄၂၀၀၂၉၄၅၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**လေလံခေါ်ယူရောင်းချရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/8439 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက် အမှတ် (၁၄၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ဝေမွန်ခင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးမင်း ၈/ရစက(နိုင်) ၁၃၃၅၄၀ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်ခင်မိုးသူ (၁၂/မဂဒ(နိုင်)၁၄၃၇၁၇)၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဒေါ်ခင်မိုးသူ (၁၂/မဂဒ(နိုင်)၁၄၃၇၁၇) နှင့် ဦးအောင်အောင်ဦး (၁၂/ဒဂရ(နိုင်)၀၀၈၄၉၅)တို့သည် (၈-၃-၂၀၂၄)ရက်တွင် တာမွေမြို့နယ် တရားရုံးတွင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ခင်မိုးသူနှင့် ဦးအောင်အောင်ဦးတို့သည် နောက်နောင်တွင် လုံးဝ ပတ်သတ်ခြင်း အလျဉ်းမရှိကြောင်းနှင့် ၎င်းနှင့်ပတ်သတ်သည့် ငွေရေးကြေးရေး အရှုပ်အရှင်းကိစ္စအဝဝ လုံးဝ တာဝန်မယူကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာမြင့် [LL.B, D.B.L] တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၂၀)**
**အမှတ် (၄၈)၊ (၇-လွှာ)၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ဖုန်း-၀၉-၂၅၄၆၁၂၂၈**

## ဦးအောင်ကိုဦး (၇/သဝတ (နိုင်) ၁၂၁၂၈၂) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် (၈၃၁/ခ) နေ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီတာဝင်း(ဘ)ဦးအုန်းမြင့် ၇/မလန (နိုင်)၀၇၉၈၃၃၏လွှဲအပ်ညွှန်ကြားချက်အရ ဦးအောင်ကိုဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်သီတာဝင်းနှင့် ၎င်း၏ခင်ပွန်း ဦးအောင်ကိုဦး (ဘ) ဦးရာကျော် ၇/သဝတ(နိုင်)၁၂၁၂၈၂တို့၏နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများ ဖြစ်သော ရွှေထည်များ စုစုပေါင်းအလေးချိန်(၁၂)ကျပ်သား၊ ကာလတန်ဖိုးငွေကျပ်သိန်း (၅၀၀)ကျော်ကို ဦးအောင်ကိုဦးမှ ကျွန်ုပ်မိတ်ဆွေမသိဘဲ တိတ်တဆိတ် ရယူသွားပြီး ဦးအောင်ကိုဦး၏ လက်ဝယ်တွင်ရှိနေပါသည်။

အဆိုပါကျွန်ုပ်မိတ်ဆွေနှင့် ဦးအောင်ကိုဦးတို့၏ နှစ်ဦးလက်ထက်ပွား ရွှေထည်များအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရှိပါဘဲ ဦးအောင်ကိုဦး တစ်ဦးတည်းကသော်လည်းကောင်း၊ အခြားသူများကသော်လည်းကောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံထားခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းစသည့် ကိစ္စရပ်များကို မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်မှုကြောင့် အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာ၍ ကျွန်ုပ်မိတ်ဆွေတွင် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပါကြောင်း ဦးအောင်ကိုဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၂၁၀၈)**
**ရှေ့နေများရုံးခန်း၊ အင်းစိန်စုပေါင်းရုံးဝင်း၊**
**အင်းစိန်မြို့နယ်၊ ဖုန်း - ၀၉- ၂၅၂၉၂၇၁၁၄**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အငှားချတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ အောက်ပါလုပ်ငန်းများအား တင်ဒါစနစ်ဖြင့်အငှားချထားခြင်းကို ဆောင်ရွက်မည် ဖြစ်ပါသည်-

| စဉ် | တည်နေရာ | လုပ်ငန်း |
|---|---|---|
| (က) | မရမ်းကုန်းမြို့နယ်၊ မြကျွန်းသာအပန်းဖြေဥယျာဉ် | ယာဉ်ဝင်ခနှင့် ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်း |
| (ခ) | ကမာရွတ်မြို့နယ်၊ အင်းလျားပန်းခြံ | ယာဉ်ရပ်နားခ ကောက်ခံခြင်းလုပ်ငန်း |

၂။ ဖော်ပြပါလုပ်ငန်း(၂)ခုအား တင်ဒါစနစ်ဖြင့်အငှားချထားခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) **တင်ဒါကျင်းပမည့်ရက်နေ့၊အချိန်** - (၂၈-၃-၂၀၂၄)ရက်နေ့၊ (၁၃:၀၀)နာရီ
(ခ) **တင်ဒါကျင်းပမည့်နေရာ** - မြို့တော်ခန်းမ၊ခန်းမ( ၂ ) ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ
(ဂ) **တင်ဒါလျှောက်လွှာရောင်းချမည့် နေရာနှင့်တင်သွင်းရမည့်နေရာ** - ဒဂုံမြို့နယ်၊ဦးဥတ္တမပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာန (ရုံးချုပ်)
(ဃ) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၈-၃-၂၀၂၄ ရက်နေ့မှ ၂၂-၃-၂၀၂၄)ရက် အထိ
(င) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - (၂၆-၃-၂၀၂၄)ရက်နေ့၊ (၁၆:၃၀)နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဖုန်းနံပါတ် ၀၉-၅၀၄၉၀၇၁၊ ၀၉-၂၅၆၃၇၇၀၆၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူတစ်ဦးတည်းဖြစ်ကြောင်းကြေညာခြင်း

ကျွန်မဒေါ်ယိမ်းလောမ့် ၁/ဟပန(နိုင်)၀၀၈၆၅၉၏ ဖခင်အမည်မှာ ဦးလနန်ယော်ယိမ်း(ခ)လနန်ယော်ယိန်း(ခ)ယော်ယိန်း(ခ)ယော်ယိမ်းဟု အမည်(၄)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်သည့်အပြင်ကျွန်မ၏ အမည်မှာလည်း ဒေါ်ယိမ်းလောမ့်(ခ)ယိန်းလောမ်ဟုအမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယိမ်းလောမ့်(ခ)ယိန်းလောမ်**
**၁/ဟပန(နိုင်)၀၀၈၆၅၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက (၂၁)လမ်း၊ မြေကွက်အမှတ် ၆၃ ၃/က+၆၃၂/ခ၊ အိမ်အမှတ် ၆၃၂(က+ခ)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ(၉၁၈ စတုရန်းပေ) ကျယ်ဝန်းသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ကန်ထရိုက်တာ ဦးစိုးဝင်း (၁၂/တမန(နိုင်)၀၇၂၇၈၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဒေါ်အေးမြတ်ငြိမ်း (၇/သကန(နိုင်)၁၁၀၄၉၂)နှင့် ဦးဇော်မျိုးမောင် (၇/သကန(နိုင်)၁၃၇၃၉၄)တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးမြတ်ငြိမ်းနှင့် ဦးဇော်မျိုးမောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့် အမည် RAIII ကွက်ပြင်ရပ်၊ဦးပိုင်အမှတ်(၇၇/၂၆၀)၊ ဧရိယာ ၀.၀၇၃ ဧကရှိ မြေကွက်သည် မြေငှားဂရန် အမှုတွဲအမှတ်(၄၇၆/၂၀၀၂-၀၃)အရ ဦးလှပိုင် ပိုင်ဆိုင်ခဲ့ပြီး ဦးလှပိုင်၏ အမွေဆက်ခံသူဖြစ်သော ဇနီး ဒေါ်ယဉ်မေ ထံမှ ပြင်ဦးလွင်မြို့၊စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အရောင်းအဝယ်စာချုပ်အမှတ် (၉၉/၂၀၁၅) အရ ဒေါ်ကွေ့တီမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဂရန်အမည်ပြောင်း လျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၉၂/၂၀၁၅)**
**ဖုန်း-၀၉-၇၈၆၆၆၉၉၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/11064 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၉/ရမသ(နိုင်)၀၃၁၈၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/8437 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဇော်ထက် ၉/ရမသ(နိုင်)၁၇၂၀၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရမည်းသင်း)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅ ) မြောင်းမြမြို့နယ်တရားရုံးတော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၈

ဦးအောင်မင်းသူ (တရားလို) နှင့် ဒေါ်အေးအေးအောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ဘုရင့်နောင်လိုင်း၊ ရန်ကင်း ကျိုက္ကဆံရဲရိပ်သာနေ ဒေါ်အေးအေးအောင် (ဘ)ဦးတင်ထွန်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မင်းသူက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၄ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့် အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇောလင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြောင်းမြမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း တက္ကသိုလ် စတုတ္ထနှစ် (ဓာတုဗေဒ) ကျောင်းသူ မပေမာဝင်း ၈/ရနခ(နိုင်) ၁၆၉၀၂၁၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၈/ရနခ(နိုင်)၀၉၄၈၉၄ ဖြစ်ပါကြောင်းနှင့် ဦးကျော်လွင်နှင့် ဦးညိုချောမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/74555, Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထက်အောင် ၅/ဝလန(နိုင်) ၁၈၃၉၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန**
**(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/ ၆၇၇၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/60657,Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၄/မမက(နိုင်) ၃၁၀၅၀၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၆)၊ ဈေးချောင်းမြောက်အကွက်၊ ဦးပိုင်အမှတ် (၂၂-င)၊ ဧရိယာ(၀.၂၇၀)ဧကရှိ မြေကို ဦးအောင်ကိုလွင်၊ ဒေါ်ချိုနွယ်ဝင်း အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်လေီဇာဘတ် | ငွေဆောင် | မဒွေါကုန်း | ၆၃၃/ကျိန်ရေကျော် | အန်-၁၀ | ၁.၁၆၀ | အမည်ပြောင်း |
| ၂ | ဒေါ်လေီဇာဘတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုရပ်ကွက် | အေ-၃၂ | ၀.၄၅၆ | အမည်ပြောင်း |
| ၃ | ဒေါ်လေီဇာဘတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုရပ်ကွက် | အေ-၃၃ | ၀.၄၉၆ | အမည်ပြောင်း |
| ၄ | ဒေါ်လေီဇာဘတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုရပ်ကွက် | အေ-၃၅ | ၀.၄၉၆ | အမည်ပြောင်း |
| ၅ | ဒေါ်လေီဇာဘတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုရပ်ကွက် | အေ-၃၄ | ၀.၄၉၆ | အမည်ပြောင်း |
| ၆ | ဒေါ်လေီဇာဘတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုရပ်ကွက် | အေ-၃၀ | ၀.၄၅၀ | အမည်ပြောင်း |
| ၇ | ဒေါ်လေီဇာဘတ် | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုရပ်ကွက် | အေ-၃၁ | ၀.၄၆၅ | အမည်ပြောင်း |
| ၈ | ဒေါ်ခင်မာဌေး | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်းစံပြ | အိတ်ချ်-၁၃ | ၀.၀၅၅ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊မြေကွက်အမှတ် ဒ-၃၀၂၀၉၊ မြေဧရိယာ ၀.၁၈၉ဧကရှိ ဦးသန်းစိုး(ဘ)ဦးအောင်ဆန်းဦး ၉/ပမန(နိုင်)၁၂၂၉၉၇ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးသန်းစိုးထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် ၁၄၀၃/၂၀၂၂၊ ၆-၄-၂၀၂၂ ရရှိထားသူ ဒေါ်ခင်သန္တာဘို (ဘ)ဦးခင်မောင်ဘို ၁၂/သကတ(နိုင်)၀၉၅၁၇၀ မှ ဦးသန်းထွန်းဆန်း(ဘ) ဦးဖေဆန်း ၁၂/တမန(နိုင်)၀၇၀၂၅၂နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ချင်းတွင် အနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၈ဧကေ)ဧကရှိ ဦးဝမ်းမြင့် ၈/မကန(နိုင်)၀၂၅၀၇၁(ဘ)ဦးအုန်းရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၃၁၃၉)ကို ရန်ကုန်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာ အမှတ်၂၅၉၁၂/၂၀၁၉ (၁၂-၉-၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းဌေး ၁၂/ကမရ(နိုင်)၀၄၁၀၃၆(ဘ) ဦးမောင်မောင်ကြည်မှ ဦးစည်သူအောင်ခိုင် ၁၂/လမန(နိုင်)၁၂၁၃၇၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဘောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သုခမလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် အဆောက်အအုံ ပြုပြင်ခြင်းနှင့်ဆေးသုတ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ သုခမလမ်း၊ အမှတ်(ဒ-၆၇)ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးအဆောက်အအုံ ပြုပြင်ခြင်းနှင့်ဆေးသုတ်ခြင်းလုပ်ငန်းအတွက် အသင်းရုံးတွင် တင်ဒါလျှောက်လွှာ ပုံစံ များဝယ်ယူနိုင်ကြောင်းနှင့် တင်ဒါရွေးချယ်မှုလုပ်ငန်းစဉ်အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | နေ့ရက်/အချိန်ကာလ |
|---|---|---|
| (က) | တင်ဒါအဆိုပြုလွှာများဝယ်ယူခြင်း | ၁၁-၃-၂၀၂၄ မှ ၁၅-၃-၂၀၂၄အထိ |
| (ခ) | တင်ဒါအဆိုပြုလွှာများလက်ခံခြင်း | ၂၅-၃-၂၀၂၄ |
| (ဂ) | တင်ဒါဖွင့်ဖောက်ခြင်းနှင့် တင်ဒါစိစစ်ရွေးချယ်ခြင်း | ၂၆-၃-၂၀၂၄ မှ ၂၉-၃-၂၀၂၄ အထိ |
| (ဃ) | တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား အကြောင်းကြားခြင်း အသင်းရုံး၊ Websiteတွင် ကြော်ငြာခြင်း | ၂၉-၃-၂၀၂၄ |

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၆၆၄၅၅၉၁၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း**




## မွေးသက္ကရာဇ်အမှန်

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ နယ်မြေ (၉)၊ အမှတ် (၁၀)နေ (ဘ)ဦးစိုးမြင့်၏သမီး ဒေါ်ခင်သူဇာမြင့် ၁/မကန(နိုင်) ၁၂၀၀၂၀၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၆-၁၉၈၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၈)နေ (ဘ) ဦးယိန်းတိန့်၏သမီး မတိန့်ဝင်း (ခ)မရာဇက်တိန့်ဝင်း (ခ)မတိန့်ဝမ် ၁/မကန(နိုင်)၂၂၆၁၇၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## TREASURE CARE TRADING CO., LTD.
## (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ (၁၄၇) (က) (၂) နှင့် ဥပဒေပုဒ်မ (၁၅၂) (က) အရ) အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

(၇-၃-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ Treasure Care Trading Co., Ltd. အား (၇-၃-၂၀၂၄) ရက်မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဦးတင်မောင်စိန် (တရားလွှတ်တော်ရှေ့နေ) (Members of MAIP No. 00170) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၆-၄-၂၀၂၄) ရက်နေ့နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မောင်စိန် (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၈၂၆/၂၀၁၇)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (Member of MAIP No.00170)**
**အမှတ် (၅၀)၊ (မြေညီ)၊ (၃၉) လမ်း ၊ ကမ်းနားဘလောက်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၉၅၅၃၊ ၀၉-၉၆၅၀၇၉၅၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆၊ အင်းဝ (၇)လမ်း၊ မြေကွက် အမှတ် (၉၅၀/ခ) ဟုခေါ်တွင်သော မြေပိုင်ရှင် ဒေါ်စန်းကျင်၊ ဦးဇော်မင်း၊ ဦးသန်းမင်းနှင့် ဒေါ်စောတီအမည်ပေါက်၊ မြေပိုင် မြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိသည့် (၁) ခန်းတွဲ (၆) ထပ်တိုက်၏ တတိယထပ်(၄)လွှာ၊ အကျယ်အဝန်း ဧရိယာ (၁၈ ပေ x ၅၄ပေ) ရှိ၊ ဆောက်လုပ်ဆဲ(ကြိုပွိုင့်) RC တိုက်ခန်းနှင့် BCC အပါ Hall Type၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုခုံကြွေပြားကပ်၊ ဘိုထိုင်အိမ်သာအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သတ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးချမ်းအောင်(၁၂/သဃက(နိုင်) ၁၆၁၄၉၄)ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရစ်ကျပေးချေငွေများကို ပေးချေထားပြီး၍အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်မည့် အဆင့်သို့ ရောက်ရှိနေပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယခုကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလွင်ဦး (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၄၁၂)**
**၉/၁၁၊ ၃၀၂ (C)၊ ၃၆ - လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၁၅၆၇၇၂**

## စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)၊ LED မီးသီးအလုပ်ရုံ Public Private Partnership (PPP) ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest - EoI) ခေါ်ယူခြင်း (သက်တမ်းတိုး)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၃၄)တွင် တည်ရှိသည့် စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ)ရှိ LED မီးသီး အလုပ်ရုံတွင် LED မီးသီးထုတ်လုပ်မှုလုပ်ငန်းနှင့် လျှပ်စစ် နှင့်အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများအား ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် နှစ်ရှည် ငှားရမ်း/အကျိုးတူ ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of interest – EoI) ခေါ်ယူသွားမည် ဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှု အဆိုပြုလွှာကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့ လိပ်မူ၍ (၈-၄-၂၀၂၄)ရက်နေ့၊ ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့တင်ပြရမည် ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းအကြောင်းကြားစာ၊ သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီဆိုင်ရာ အထောက် အထားများတင်ပြ၍ အထက်ပါလိပ်စာတွင် (၁၁-၃-၂၀၂၄)ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။ (သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန် ဖုန်း – ၀၆၇-၄၀၈၆၇၅၊ ၀၆၇-၄၀၈၆၇၆)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၁၄)၊ မြေကွက်တည်နေရာအမှတ်(၄၁၄)၊ အင်းဝ(၇)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒေါ်စိန်တုတ်(ဦးမြအေး(ကွယ်လွန်)၏ဇနီး) (ISN-၁၆၆၆၀၄) အမည်ပေါက် ပါမစ်မြေအား ဒေါ်စိန်တုတ် ဦးမြအေး(ကွယ်လွန်)၏ဇနီးထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထား သူ ဒေါ်သက်စုလှိုင် ၁၄/ပသန(နိုင်)၀၀၂၄၃၂၊ ဦးမင်းခန့်တာ ၁၂/လမန(နိုင်)၁၅၁၄၉၂တို့မှ ပါမစ်မူရင်း(ဓာတ်ပုံမှတ်တမ်း၊ ရွှေ့ပြောင်းသူများ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်၊ မှီခိုသူများစာရင်း)တို့တင်ပြ၊ အရပ်စာချုပ်အဆက်အစပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် (၁)ထပ် တိုက်အဆောက်အအုံ(၂)လုံးရှိပြီး လျှောက်ထားသူများကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်သက်စုလှိုင်၊ ဦးမင်းခန့်တာတို့မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ဂရုံသာယာအေးကျေးရွာအုပ်စုနေ ဦးမောင်မောင်ညိမ်း (၇/သဝတ(နိုင်) ၀၇၀၂၆၄)နှင့် ဒေါ်ဥမ္မာသန်း ၈/ပခက(နိုင်)၀၄၃၈၅၃(ကိုညိမ်း-စက်အမျိုးမျိုး ပြုပြင်ရေး)တို့၏သား မောင်ကောင်းထက်ကျော်(၇/သဝတ (နိုင်) ၁၅၁၅၃၅)သည် မိဘများ၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိသည့်အပြင် မိဘများ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များ၊ စိတ်ဆင်းရဲစေသော ကိစ္စရပ်များ ပြုလုပ်ခဲ့ပါသဖြင့် မောင်ကောင်းထက်ကျော်အား ယနေ့မှစ၍သားအဖြစ် အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်ကောင်းထက်ကျော်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို မိသားစုနှင့်သက်ဆိုင်ခြင်း မရှိကြောင်းနှင့် ဦးမောင်မောင်ညိမ်း၊ ဒေါ်ဥမ္မာသန်းတို့မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာ အပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း လုံးဝ၊ လုံးဝ သည်းခံပါ။)

**ဦးမောင်မောင်ညိမ်း၊ ဒေါ်ဥမ္မာသန်း**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂-က/မကျီးတန်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၁၈)၊ မြေဧရိယာ(၀.၀၅၅)ကေအနက်မှ ဦးပိုင်အမှတ်(၁၁၈/ခ)၊ ဧရိယာ (၀.၀၂၇၅)ကေရှိမြေကွက်သည် မြောက်လားသော် သီရိမဟာလမ်း၊ အရှေ့လားသော် ဦးပိုင်အမှတ်(၁၁၈/က)၊ တောင်လားသော် လမ်းကြား၊ အနောက်လားသော်ဦးပိုင် အမှတ်(၁၁၉)စသည့်နယ်လေးရပ်အတွင်းတည်ရှိပါသည်။ အဆိုပါမြေကွက်သည် အခွန်စည်းကြပ်ခံရသူ အမည်ပေါက်မရှိ သောမြေကွက်ဖြစ်ပါသည်။ မူလပိုင်ရှင်ဖြစ်သူ ဦးထွန်းကျင် ၈/ပခက(နိုင်)၀၂၄၂၇၅ထံမှ ဒေါ်မြင့်မြင့် ၈/ပခက(နိုင်) ၀၉၉၇၁၆ သည် (၁၄-၁၂-၂၀၁၃)ရက်၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အိမ်ဝိုင်း မြေအရောင်းအဝယ်စာချုပ်ဖြင့် လည်းကောင်း၊ ဒေါ်မြင့်မြင့် ၈/ပခက(နိုင်)၀၉၉၇၁၆ နှင့် ဒေါ်စောလှ ၈/ရစက(နိုင်)၀၂၂၂၈၃တို့နှစ်ဖက်ညှိနှိုင်းပြီးနောက် (၂၁- ၂-၂၀၂၄)ရက်က အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူအိမ်ဝိုင်းမြေအရောင်းအဝယ်စာချုပ်ဖြင့်လည်းကောင်း အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ် လက်ရှိနေထိုင်အကျိုးခံစားလျက်ရှိသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်မ၏မိတ်ဆွေ ဒေါ်စောလှ ၈/ရစက(နိုင်)၀၂၂၂၈၃၏အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးလျှောက်ထားမည်ဖြစ်သဖြင့် မြေကွက်/စာရွက်စာတမ်းအထောက်အထားများနှင့်ပတ်သက်၍ သက်ဆိုင်သည့်မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် မည်သူမဆိုကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါ သည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း သက်ဆိုင်ရာခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်/စီအင်း ဦးစီးဌာန(ယခင်မြို့နယ်မြေစာရင်းဦးစီးဌာန)တို့၌ တရားဝင်စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းများမရှိပါက ဒေါ်စောလှ ၈/ရစက(နိုင်)၀၂၂၂၈၃၏အမည်ဖြင့် မြေယာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အသစ်ရရှိရေး ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောလှ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မာဦး( LL.B )**
**တရားလွှတ်တော်ရှေ့နေ( စဉ်-၁၂၃၀၇) (၄-၄-၂၀၁၇)**
**သီရိမဟာမြို့ပတ်လမ်း၊ အမှတ်( ၅ )ရပ်ကွက်၊ ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၄၀၁၆၄၈၅၉၆**

## ပဲခူးမြို့၊ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၀၂၄)ခုနှစ် လုပ်ငန်းများအတွက် လေလံခေါ်ယူခြင်း

၁။ ရွှေမော်ဓောစေတီတော် ဝတ္တကမြေအတွင်း ၂၀၂၄- ခုနှစ်အတွက် အောက်ပါလုပ်ငန်းများကို လေလံစနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် လေလံဆွဲဝယ်ယူခွင့်ပုံစံနှင့် စည်းကမ်းချက် (၁)စုံလျှင် (၁၀၀၀၀ိ/-) နှုန်းဖြင့် ၉-၃-၂၀၂၄ ရက်နေ့မှစ၍ ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည် -

(က) ယက္ခမယ်တော်နန်း/ ဘိုးဘိုးကြီးနန်းမှ အုန်းပွဲ၊ ငှက်ပျော်ပွဲနှင့်ပဝါများ ရောင်းချခွင့်၊ စွန့်ယူခွင့်လုပ်ငန်း

(ခ) မော်တော်ယာဉ်ရပ်နားခွင့်နှင့် ဆိုင်ကယ်အပ်နှံခြင်း၊ အခွန်ကောက်ခံခွင့်လုပ်ငန်း

(ဂ) ဓာတ်ပုံလုပ်ငန်း

၂။ လေလံဆွဲယူခွင့် လျှောက်လွှာ၊ အာမခံပေးသွင်းပြီးကြောင်း ပြေစာနှင့်အတူ ၁၆-၃-၂၀၂၄ရက်၊ ညနေ ၄နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်သည်။

**လေလံပွဲကျင်းပမည့်ရက်** - ၁၇-၃-၂၀၂၄ရက်(တနင်္ဂနွေနေ့)
**လေလံပွဲကျင်းပမည့်အချိန်** - နံနက် (၁၀:၀၀)နာရီ
**လေလံပွဲကျင်းပမည့်နေရာ** - ဂေါပကအဖွဲ့ရုံးခန်း

အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး (ဖုန်း -၀၉-၂၅၄၃၂၇ ၀၇၄)ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ရွှေမော်ဓောစေတီတော်မြတ်ကြီး**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက် (ဗုဒ္ဓဟူးနေ့) စာမျက်နှာ(၂၁)ကော်လံ(၂)ပါ ပြင်ဆင်ဖတ်ရှုပါရန် ကြော်ငြာထည့်သွင်းခဲ့ရာတွင် (တရားကျင့်သုံး ဥပဒေပုဒ်မ-၁၁၅)ဟု ဖော်ပြချက်အား (တရားမကျင့်ထုံးဥပဒေပုဒ်မ- ၁၁၅) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရန်လင်းနိုင်(ဘ) ဦးအောင်မျိုးလွင် ၇/ကဝန(နိုင်) ၁၈၅၅၉၃ Passport No (MC 711332)သည် ပျောက်ဆုံးနေသည်ဖြစ်ပါကြောင်း အတိအလင်း ကြော်ငြာအပ်ပါသည်။

**ဖုန်း-၀၉-၇၅၁၈၃၇၅၈၅**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက-ဓနော် Grade-10မှ မောင်မျိုးဇင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်းဦး ၈/ဂဂန(နိုင်)၁၁၀၈၁၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/46640, Zong Shen 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်မြင့် ၁၄/ပသန(နိုင်) ၂၃၂၄၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 12U/4767, Xunling XL 300 ZH, 3W ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသန်း ၁၄/ပသန(နိုင်)၁၇၂၃၇၇က ဖောင်း ကြွနံပါတ်ပြား လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပိုးသတ်ဆေး ဖြန့်ချိသူလွှဲပြောင်းခြင်းအတွက် ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

FMC Corporation USA သည် အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ယာယီသုံးစွဲခွင့်မှတ်ပုံတင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်-

| စဉ် | ကုန်အမှတ်အမည် | ပါဝင်သော ဓာတုပစ္စည်း | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁ | Affinity® 24 EC | Carfentrazone-ethyl 24 % w/v EC | P2023 – 5453 |

ယခုအချိန်တွင် FMC Corporation သည် အထက်ဖော်ပြပါ ပိုးသတ်ဆေး၏ဖြန့်ချိသူကို Myanmar Arysta LifeScience Co., Ltd. မှ Wah Wah Agricultural Chemicals Trading Co., Ltd. သို့ လွှဲပြောင်းသွားပါမည်။ ကန့်ကွက်လို သူများရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤအသိပေးအကြောင်းကြားစာပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့ထံသို့ ရုံးချိန်အတွင်း သွားရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း မည်သည့်ကန့်ကွက်မှုမှ မရှိပါက ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ သတ်မှတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**Wah Wah Agricultural Chemicals Trading Co., Ltd.**
**Contant No– 09–400 902 044, 09– 420 021 530**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ-၂၊ အမှတ်(2B-539)၊ (၄-လွှာ) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်သူသူမိုး(၅/စကန(နိုင်)၀၃၆၆၇၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိသိန်း (၁၂/အစန(နိုင်)၂၅၁၉၆၃)က အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)**

**ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**

**တိုက်(၁၁/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်-၁၈(မြို့မအရှေ့)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀.၀၈၃) ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးအီစွတ်မာမတ်(ခ)မြင့်အောင်ပါ (၇)ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင် ဆိုင်မှုစာမှတ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်စိုးမိုး (LL,B)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၉၈၅**
**အမှတ်(၃၉၆)၊ ရွှေညောင်ပင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၉၄၃၁၆၄၄၈၃၊ ၀၉-၇၉၃၀၈၇၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၁၂၃၁/ခ၊ ဧရိယာ(၂၀' x ၆၀') မြေကွက်တည်နေရာ အမှတ်-၁၆၊ မာန်ပြေ(၁၉)လမ်းအနောက်၊ (၃)မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဦးမောင်မောင်ဦး ၁၂/သကတ(နိုင်)၁၆၁၆၄၂ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ဦး ၁၂/ဥကတ(နိုင်)၁၆၁၆၄၂ (ခင်ပွန်း)ကွယ်လွန် သဖြင့် ဇနီးဖြစ်သူ ဒေါ်မာလာခံ ၁၂/ဗတထ(နိုင်)၀၀၈၀၀၉ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၂၂၅၄၇/၂၀၂၃(၁၉-၁၀-၂၀၂၃)ရသူ ဦးကျော်ကျော်လွင် ၁၂/ကတတ(နိုင်)၀၀၁၇၂၆ မှ ကွယ်လွန်သူ ခင်ပွန်းဦးမောင်မောင်ဦးတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ မိမိသာလျှင်ရှိပါကြောင်း၊ အခြားသော ဇနီးမယားတစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူ တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ဒေါ်မာလာခံ ကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

